တရုတ်လယ်သမားများ ပြောင်းတိုးချဲ့စိုက်ပျိုး

တရုတ် နိုင်ငံ လယ်သမားများသည် ယခုနှစ်ဝယ်လိုအားကောင်း၍ ဈေးကောင်းရသည့် ပြောင်းသီးနှံကို ပြောင်းလဲတိုးမြင့်စိုက်ပျိုးလာကြသည်။ ယင်းသို့ ဆောင်ရွက်လာသဖြင့် ၂၀၂၂ ခုနှစ်အထိ တရုတ်နိုင်ငံသို့ ပြောင်းတင်သွင်းနေမှုကို လျော့ကျစေမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြောင်းစိုက်ပမာဏ တိုးမြင့်လာမှုသည် တရုတ်နိုင်ငံ၏ ၂၀၂၁–၂၀၂၂ ခုနှစ် ပြောင်းထွက်ရိုမှုကို အနည်းဆုံး ၆ ရာခိုင်နှုန်းအထိ မြင့်တက်စေမည်ဖြစ်သည့်ပြင် ယမန်နှစ်က ဝက်မွေးမြူရေးကဏ္ဍ၏ အစာဝယ်လိုအားသည် ပြည်တွင်းထုတ်လုပ်မှုပမာဏထက် ကျော်လွန်ခဲ့သဖြင့် ပြည်ပမှ တန်ချိန် ၂၆ သန်းတင်သွင်းခဲ့ရမှုကို လျော့ပါးသက်သာစေမည် ဖြစ်သည်။

မြောက်ပိုင်း Heibei ပြည်နယ်က လယ်သမားလီက ကျွန်တော့်မြေအားလုံးမှာ ပြောင်းပဲစိုက်မယ်၊ တခြား ဘာမှ မစိုက်တော့ဘူးဟုပြောသည်။ ယမန်နှစ်က ၎င်းပိုင်မြေ ၂၀ ဟက်တာ အနက် သုံးပုံတစ်ပုံခန့်ကို လူး/ဆတ် စိုက်ပျိုးခဲ့သည်။ "မနှစ်က ပြောင်းဈေး တအားတက် သွားတယ်၊ အမြတ်အများကြီး ကျန်မှာ" ဟု လီက ဆက်ပြောသည်။

JCI က ၂၀၂၀–၂၀၂၂ ပြောင်းထွက်ရိုမှုကို ၆ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ပြီး တန်ချိန်သန်းပေါင်း ၂၅၃ ဒသမ ၉ ထွက်ရှိရန် ခန့်မှန်းထားပြီး ယင်းမှာ လေးနှစ်အတွင်း အမြင့်ဆုံး ပမာဏဖြစ်သည်ဆိုစ၏။ တောင်သူများနှင့် မျိုးစေ့ရောင်းချသူအကြား ဆောင်ရွက်ခဲ့သည့် စစ်တမ်းကို အခြေခံ၍ ပြောင်းစိုက်ဧရိယာ ၃ ဒသမ ၉ ရာခိုင်နှုန်း၊ ၄၂ ဟက်တာသန်း တိုးချဲ့နိုင်ကြောင်း JCI က ခန့်မှန်းထားသည်။

"မွေးမြူရေးလုပ်ငန်းတွေ နာလန်ထူလာတော့ ဒီနှစ်လည်း ပြောင်းလိုအပ်ချက်ရှိဦးမှာပဲလို့ ထင်နေကြတယ်၊ တောင်သူတွေက ပြောင်းစိုက်ဖို့ အရမ်းအားသန်နေကြတယ်၊ အစိုးရကလည်း ပြောင်းပိုစိုက်ဖို့ တွန်းအားပေးနေတာကိုး"ဟု သုတေသီ ရိုဆာဝမ်က ပြောသည်။

တရုတ်နိုင်ငံတွင် တောင်သူစစ်တမ်းကောက်ယူသည့် Huatai Futures ကမူ ပြောင်းအထွက် ၁၄ ဒသမ ၅ ရာခိုင်နှုန်း၊ စိုက်ဧက ၆ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားသည်။

ပြောင်းနှင့်ပဲပုပ်အများဆုံး စိုက်ပျိုးရာ အရှေ့မြောက်ပြည်နယ် တစ်ခုဖြစ်သော Heilon gjiang တွင် တောင်သူများသည် ယမန်နှစ်ကထက် ပြောင်းဧက ၂၇ ရာခိုင်နှုန်း ပိုမိုစိုက်ကြကြောင်း သိရသည်။

JCI က Heilon gjiang ပြည်နယ်တွင် ပြောင်းထွက်ရိုမှု သည် ပြီးခဲ့သည့်နှစ်ကထက် ၂၀ ရာခိုင်နှုန်း၊ တန်ချိန်သန်းပေါင်း ၃၆ ဒသမ ၆၅ ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။

တရုတ်နိုင်ငံသည် ပြောင်းတင်သွင်းမှုကို Low-tariff Quota စနစ်ဖြင့် နှစ်များစွာ ကန့်သတ်ဆောင်ရွက်ခဲ့ပြီး နှစ်စဉ် တန်ချိန် ၇ သန်းဝန်းကျင်တင်သွင်းခဲ့သည်။ သို့သော် ယမန်နှစ်က မြင့်တက်ခဲ့သည့် ပြောင်းဈေးသည် ကမ္ဘာ့ပြောင်းဈေးကို ကျော်တက်ခဲ့သဖြင့် တင်သွင်းသူများသည် အခွန်အခကို အပြည့်အဝပေးချေပြီး ပြည်ပပြောင်းများကို တင်သွင်းခဲ့ကြရာ ၎င်း၏နှင့်အတူ အဓိကပြောင်း တင်ပို့နိုင်ငံများဖြစ်သည့် အမေရိကန်နှင့်ယူကရိန်းနိုင်ငံတို့ အမြတ်အစွန်းများ ရရှိခဲ့သည်။

တရုတ်နိုင်ငံ၏ ကုန်ကျစရိတ်ကြီးမြင့်သည့် ပြောင်းသိုလှောင်မှုစနစ်ကို အဆုံးသတ်ခဲ့ပြီးနောက် အစိုးရ၏ နှစ်ရှည်ပေါ်လစီဖြစ်သည့် ပြောင်းမစိုက်ရေးတွန်းအားပေးမှုကို ပြောင်းပြန်လှန်ကာ အဓိကနှစ်စားသီးနှံစိုက်ပျိုးသည့် ဒေသများတွင် ပြောင်းစိုက်ပျိုးရေးကို ထောက်ပံ့အားပေးခဲ့သည်။

ပြောင်းစိုက်ဧရိယာ တိုးမြင့်လာမှု၏ ရလဒ်အဖြစ် ပြောင်းဈေးနှုန်းကို ထိန်းညှိနိုင်ပြီး တရုတ်နိုင်ငံအနေဖြင့် အနည်းငယ်မျှသာ တင်သွင်းရယ်ယူရှိကြောင်း ကုန်စည်ပွဲစားနှင့် သုတေသီများက သုံးသပ်ကြသည်။ ၎င်းတို့က ၂၀၂၁–၂၀၂၂ တွင် ပြောင်းတင်သွင်းမှု တန် ၁၅ သန်းသို့ လျော့ကျနိုင်ကြောင်း ခန့်မှန်းထားသည်။

အမေရိကန်စိုက်ပျိုးရေးဌာန (USDA) ၏ တရုတ်နိုင်ငံ ကိုယ်စားလှယ်က တရုတ်နိုင်ငံ၏ ၂၀၂၁–၂၀၂၂ ပြောင်းတင်သွင်းမှုသည် တန် ၂၀ သန်းသို့ လျော့ကျနိုင်ကြောင်း ခန့်မှန်းထားပြီး USDA ၏ ခန့်မှန်းချက်မှာမူ ကမ္ဘာ့ပြောင်းဈေးယှဉ်ပြိုင်မှုနှင့် ပြည်တွင်းထုတ်လုပ်မှုမြင့်မားလာခြင်းတို့ကြောင့် တန် ၂၆ သန်းသို့ လျော့ကျနိုင်သည်ဟု ဆိုထားသည်။ JCI ၏ ခန့်မှန်းချက်တွင်ပြီးခဲ့သည့် ရာသီက တင်သွင်းခဲ့သည့် ပြောင်းတင်သွင်းမှု တန်သန်း ၃၀ မှ ၂၇ သန်းသို့ လျော့ကျနိုင်ကြောင်း ပါရှိသည်။

သန့်ကျင်အကျိုး

တစ်ဖက်တွင် ပြောင်းစိုက်ပျိုးမှုမြင့်တက်ခြင်းကြောင့်

စာ – ၁၂ သို့

Golden Thurain Linn Agricultural Machinery and Technology Trading Co.,Ltd.
MEGASUN AgriTech
OIL-FREE CHAFF FURNACE DRYER
LOW TEMPERATURE QUICK DRY ENERGY EFFICIENCY
COMPLETE MODELS FIRST CHOICE FOR QUALITY RICE
WORLDWIDE SELLING
Oil-free chaff furnace 30 tons one to five dryer
Taiwan Excellence | Invention Award | EU CE Certification | SGS | UKAS | International Standard
MS-38 Henhouse insulation
MS-30 Flower insulation, food dryer
MS-28 Garlic, lemon dryer
Golden Chicken
X model:40~50tons CL 423-X400 CAPACITY:40T HEIGHT:14073mm
G model:28~32tons CL 423G300 CAPACITY:30T HEIGHT:12191mm
H model:28~32tons CL 423H300 CAPACITY:30T HEIGHT:11153mm
V model:8~12tons CL 423V120 CAPACITY:12T HEIGHT:8168mm
V model:8~12tons+AK600D CL 423V120 CAPACITY:12T HEIGHT:8168mm
CL 423-H300 CAPACITY:30T HEIGHT:11100mm Oil-free chaff furnace 30 tons one to five dryer
တိုက်အမှတ်(110/B)၊အခန်းနံပါတ်(8)၊နဝဒေးဥယျာဉ်အိမ်ရာ၊ပီမိုးနင်းလမ်းအနီး၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
Tel : 09250641550, 09250030397, 09782918593. Website : www.goldenthurainlinn.com , www.sanshen-am.com.tw Email : goldensun103@gmail.com

လယ်သမား နေ့စဉ်သတင်း
The Agri-Business News
၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်သည်။
pdwf&yfqdkif&m;rsm;&Sif;&Sif;vnf; xGufcJhaom ab;tEÅm, ufiif;&Sif;ap&eE&Sif; ap;uGufcJhaom &&SdEÅ&ef;eftwGif pdwf&yfqdkif&m;qGJcsufrsm; tavhtu;ifhumif;(GAP) aumifrGef;ajrom a&owdxkwfa&;rsufESpfcsufrsm;u;ifpOf(GAqP) aumifrGef;ajrom wdkif;ef;rsufESpfcsufrsm;u;ifpOf(GAHP) wlnDwlnDu;ifiHkyf

၁၃ရက ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ ကြာသပတေးနေ့ (15-7-2021) အမှတ် (၇၈၆)

တိုင်းရင်းငါးမျိုးများ ဖွံ့ဖြိုးရေးအတွက် သုတေသနအင်းများ စာ – ၁၉
သုံးသီးစားသီးနံ့ပုံစံ စာ – ၁၀
ကမ္ဘာ့ပြောင်းဈေးကွက် ရတ်တရက် မြင့်တက် စာ – ၁၁

တိရစ္ဆာန်အစာစိုက်ပျိုး တောင်သူ ဝင်ငွေတိုး

တိရစ္ဆာန် **အစာပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့်နွားစာချဉ်ပတ်ပြုလုပ်ခြင်းဆိုင်ရာ သင်တန်းများကိုကျွမ်းကျင်ပညာရှင်များကတိရစ္ဆာန်မွေးမြူသည့် ကျေးရွာများမှ တောင်သူများကို သင်တန်းပို့ချနေသည်။**

သင်တန်းတွင် တိရစ္ဆာန်အစာပင်များ စိုက်ပျိုးရန် မြေပြုပြင်ခြင်းနှင့် နွားစာပင်များ အကြောင်း၊ နွားစာပင် စိုက်ပျိုးခြင်း(လက်တွေ့)၊ နွားစာခင်းထိန်းသိမ်းပြုပြင်ခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်ခြင်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပေးခြင်း ဖြစ်သည်။

အဆိုပါသင်တန်းကို တိရစ္ဆာန်စားပင် စိုက်ပျိုးပြီး မွေးမြူရေးလုပ်ငန်း လုပ်ဆောင်နေသည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာနမှ ၀န်ထမ်းများ အပါအဝင် ၁၂ ဦးကို လေးရက်ကြာ ပို့ချပေးသည်။

"ဒီသင်တန်းကို တက်လိုက်ခြင်းအားဖြင့် တိရစ္ဆာန်အစာပင်ဟာ ဘာပင်တွေ ဆိုတာ ပိုပြီးသေသေချာချာသိသွားမယ်။ သူတို့ဒေသတွေမှာ ဘယ်အစာတွေနဲ့ ကိုက်ညီတယ်ဆိုတာ နားလည်သွားမယ်။ ဘယ်အစာက အပူပိုင်းဒေသနဲ့ ကိုက်ညီတယ်၊ ဘယ်တိရစ္ဆာန်စားပင်ကတော့ အေးတဲ့နေရာမှာ စိုက်ပျိုးလို့ရတယ်။ ဘယ်တိရစ္ဆာန်စားပင်ကတော့ မိုးများတဲ့နေရာမှာ စိုက်ပျိုးလို့ရတယ်စသဖြင့် အဲဒါလေးတွေကို သိရှိနားလည်သွားမှာ ဖြစ်ပါတယ်"ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက ပြောသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အနေဖြင့် တိရစ္ဆာန်အစာပင် စိုက်ပျိုး ထုတ်လုပ်ခြင်းနှင့် နွားစာချဉ်ဖတ်ပြုလုပ်ခြင်း ဆိုင်ရာသင်တန်းကို ယခင်ကလည်း ဖွင့်လှစ်ခဲ့ပြီး၊ ယခုသင်တန်းမှာ ယခုနှစ်အတွင်း ပထမအကြိမ် ဖွင့်လှစ်ခြင်းဖြစ်သည်။ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူများကိုလည်း ဖိတ်ခေါ်၍ အသိပညာများ ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ တက်ရောက်နေသည့် မကွေးတိုင်းဒေသကြီး မြိုင်ဖြို့နယ်မှ ဦးမြင့်လွင်က "ကျွန်တော်တို့ဒေသက မိုးနည်းဒေသ ဖြစ်တဲ့အတွက် တိရစ္ဆာန်အစာ ရှားတယ်၊ အရင်က သမားရိုးကျအတိုင်းပဲ နွားကို လွှတ်ကျောင်းတယ်၊ နွားတွေက ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘူး၊ ဒီသင်တန်းမှာတော့ တောင်သူတွေ တိရစ္ဆာန်အစာအတွက် အခက်အခဲမဖြစ်အောင် အစာပင်ကို စနစ်တကျစိုက်ပျိုးတတ်အောင်၊ ရရှိလာတဲ့ အစာပင်ကိုလည်း နှစ်ရှည်သိုလှောင်ပြီး ကျွေးနိုင်အောင် နည်းပညာတွေကို သိရှိလိုက်ရပါတယ်"

"အခုတော့ တိရစ္ဆာန်အစာကို အာဟာရဖြစ်အောင်၊ ဖွံ့ဖြိုးအောင် စနစ်တကျ ဘယ်လိုကျွေးရတယ်ဆိုတာ သိလာပါပြီ။ ကျွန်တော်က နွားတွေနဲ့ဆိတ်တွေ မွေးမြူထားပါတယ်။ ဒီအတွက် ကျွန်တော်ကိုယ်တိုင်လည်း စနစ်တကျ စိုက်ပျိုးသွားမယ်။ ပြီးတော့ ဒီသင်တန်းက ရရှိလာတဲ့ အသိပညာတွေကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနဲ့ပူးပေါင်းပြီး ကျွန်တော်တို့ဒေသက

စာ – ၁၇ သို့

ဆီထွက်သီးနှံ ပဲမျိုးစုံနှင့် ဂျုံသီးနှံသုတေသနလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၉

ယခု မိုးကြိုရာသီတွင် အဝါရောင် မိုစိပ်ဒဏ်ခံနိုင်၍ အထွက်နှုန်းကောင်းမွန်သော ပဲတီစိမ်းမျိုးများရရှိစေရန်နှင့် အပူဒဏ်ခံ စပါးမျိုးများ ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် သုတေသနလုပ်ငန်းလုပ်ငန်း စီမံချက်များကိုထားကာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ဒေသသုတေသနဗဟိုဌာန (ဧလုပ်)သည် ရာသီဥတုနှင့် သင့်တော်သည့် သီးနှံမျိုးများ ရှာဖွေဖော်ထုတ်ရန်၊ ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့်အပြင် ရောဂါဒဏ်ခံနိုင်သည့်မျိုးသစ်များ စမ်းသပ်ဖော်ထုတ်ရန်၊ ဒေသအတွင်းရှိ စိုက်ပျိုးရေးသီးနှံဆိုင်ရာ ပြဿနာများ သုတေသနပြုဆောင်ရွက်ရန်၊ တောင်သူများအတွက် အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရန်

စာ – ၄ သို့

မြေဆီလွှာကောင်းမွန်ရေး သစ်စိမ်းမြေဩဇာထည့်သွင်း

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု ပညာပေး သင်တန်းနှင့် သစ်စိမ်းမြေဩဇာ စိုက်ပျိုးထည့်သွင်းခြင်းကို စက်မှု လယ်ယာသင်တန်းကျောင်း (ရေဆင်း)နှင့်စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးသီးနှံသုတေ

စာ – ၅ သို့

မြန်မာ-တရုတ် နစ်နိုင်ငံလယ်ယာကဏ္ဍပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ GACC တို့အကြား လက်မှတ်ရေးထိုးခဲ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် လက်မှတ်ရေးထိုးဆောင်ရွက်ရန် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ နှစ်နိုင်ငံအစိုးရအကြား လက်မှတ်ရေးထိုးခဲ့သည့် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းလုပ်ငန်းများကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်နိုင်ရေး ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

MOALI ဖြန်ကြားရေး

ယခုနှစ် မိုးနှင့်စပါးအခြေအနေ

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက ၂၀၂၁ ခုနှစ် မိုးလယ်ကာလကို ဇူလိုင် ၁ ရက်မှ သြဂုတ် ၃၁ ရက်အထိ သတ်မှတ်ထားသည်။ မိုးလယ်ကာလအတွင်း လေဖိအားနည်းရပ်ဝန်းလေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်မမှာ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်သည်ဟုဆိုသည်။ မိုးရွာသွန်းမှုမှာ တနင်္သာရီတိုင်းဒေသကြီး ကလွဲ၍ ကျန်ပြည်နယ်တိုင်းဒေသများတွင် ရွာသွန်းမြဲ ခန့်ရှိမည်ဖြစ်သည်။

ယခုနှစ် မိုးရာသီတွင် ပြည်နယ်တိုင်းဒေသအသီးသီး၌ မိုးစပါး၈က ၁၅ ဒသမ ၀၃ သန်းခန့်ရှိမည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လျှာထားကြောင်း သိရသည်။ ယမန်နှစ်က မိုးစပါး ၈က ၁၅ ဒသမ ၀၇ လျှာထားခဲ့ပြီး အမှန်စိုက်၈ကမှာ ၁၄ ဒသမ ၉၃ သန်း ဖြစ်သည်။

ရာသီဥတုအခြေအနေအရ ယခင်နှစ် ဇွန်လကုန်က မိုးစပါးစိုက်ပျိုးမှုမှာ ၈က ၄ ဒသမ ၀၇ သန်း ရှိခဲ့သည်။ ယခုနှစ် မိုးရာသီတွင် ဇွန်လကုန်အထိ ၈က ၄ ဒသမ ၁၆ သန်းစိုက်ပြီးဖြစ်ရာ ၂၇ ဒသမ ၆၆ ရာခိုင်နှုန်း စိုက်ပြီးဖြစ်သည်။

မိုးရာသီအတွင်း အခြားသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ အစေ့ထုတ်ပြောင်း၊ ကြက်သွန်နီ၊ ငရတေ၊ အာလူးတို့ကိုလည်း စိုက်ပျိုးလျက်ရှိရာ အခြားသောမိုးသီးနှံများ စိုက်ပျိုးနိုင်မှုမှာ ၈က ၁ ဒသမ ၆၄ သန်းခန့်ရှိမည်ဟု ဝန်ကြီးဌာနက ခန့်မှန်းထားသည်။

MTT

ယ ခု နှ စ် မိုး နှ င့် ရေ အ ခြေ အ နေ

ယမန်နှစ်က မိုးရေချိန်နည်းပါးသဖြင့် မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးလေးသွယ် အပါအဝင် မြစ်ချောင်း အင်းအိုင်များတွင် ရေဝင်မှုနည်းပါးခြင်းကြောင့် ရေကြီးရေလျှံမှုများ၊ သီးနှံစိုက်ခင်းများတွင် ရေဖုံးလွှမ်းထိခိုက်မှုများ ကြီးကြီးမားမား ဖြစ်ပေါ်ခဲ့ခြင်း မရှိခဲ့ပေ။

ယခုနှစ် မိုးလယ်ကာလတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ တိုးမြစ်၊ လေးမြို့မြစ်တို့တွင် မြစ်ရေ တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ် စိုးရိမ်ရေအမှတ် အသီးသီး အထက်သို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက ခန့်မှန်းထားသည်။

ဆည်ရေနှင့်ရေလှောင်တမံမှ ရေဖြင့်စိုက်ပျိုးရသော ဆည်ရေသောက်ဧရိယာများအနေဖြင့် ယမန်နှစ်က ရေဝင်ရောက်မှုနည်းပါးခြင်းကြောင့် အချို့ဒေသများတွင် ဆောင်းနှင့်နွေသီးနှံကို အပြည့်အဝမစိုက်နိုင်ခဲ့သည့် အခြေအနေဖြစ်ပေါ်ခဲ့သည်။ ယခုနှစ် ဇွန်လကုန်တွင် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေးစသည့် တိုင်းဒေသကြီးများ အပါအဝင် ဒေသအသီးသီးတွင် ဆည်တမံများအတွင်းသို့ ရေဝင်ရောက်မှုများ ရှိနေပြီဖြစ်သည်။

ယင်းအခြေအနေများအရ ယမန်နှစ် ကထက် ၂၀၂၁ ခုနှစ် နွေမိုးဆောင်း သုံးရာသီတွင် စပါးအပါအဝင် ရာသီသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ပိုမိုဖြစ်ထွန်းနိုင်ဖွယ်ရှိကြောင်း သိရှိရသည်။

ထွန်းသက်ပိုင်

တိုင်းရင်းငါးမျိုးများ ဖွံ့ဖြိုးရေးအတွက် သုတေသနအင်းများ

ဒေသ အတွင်း တိုင်းရင်းငါးမျိုးများ မျိုးတုံးပျောက်ကွယ်ခြင်းမှ ကာကွယ်ရန်နှင့် အင်းလုပ်ငန်းများမှ ရေရှိငါးထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် သုတေသနအင်းများ လုပ်ဆောင်လျက်ရှိသည်။

သုတေသနအင်းအဖြစ် ခွင့်ပြုလုပ်ကိုင်စေခြင်းဖြင့် တိုင်းရင်းငါးမျိုးများ မျိုးတုံးပျောက်ကွယ်နိုင်မှုမှ ကာကွယ်နိုင်မည့်အပြင် ရေရှိငါးလုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက်လာစေပြီး သုတေသနအင်းများ၏ အင်းသားကြီးများနှင့် ပူးပေါင်းကာ သတင်းအချက်အလက် (Biological Data) များရယူပြီး ဒေသအတွင်းရှိ အင်းလုပ်ငန်းရှင်များအား ဖြန့်ဝေပေးခြင်းဖြင့် အင်းလုပ်ငန်း တိမ်ကောပျောက်ကွယ်မှုများကို ကာကွယ်ပေးသွားမည်ဖြစ်သည်။

အင်းတိုင်းကို သုတေသနပြုလုပ်၍ မရကြောင်း၊ အင်းထဲတွင် နွေရော မိုးပါ ရေရှိရန်လိုကြောင်း၊ သဘာဝပတ်ဝန်းကျင်ကောင်းရှိပြီး ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိသည့် အင်းကိုသာ သုတေသနအင်းအဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အင်းများကို ပြောင်းလဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း အင်းများ ပျက်စီးပျောက်ကွယ်မှုမဖြစ်စေရန် ရည်ရွယ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန မြောက်ပိုင်းခရိုင် ဦးစီးမှူး ဦးမျိုးနိုင်က ရှင်းပြသည်။

မြန်မာနိုင်ငံတွင် အင်းပေါင်း ၃၀၀၀ ကျော်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးတွင် အင်းပေါင်း ၁၅၂ အင်းရှိသည်။ တစ်နိုင်ငံလုံးတွင် သုတေသနအင်းပေါင်း ၁၁ အင်း လုပ်ကိုင်ခွင့်ပြုထားကာ ဧရာဝတီတိုင်းဒေသကြီးတွင် အင်းလုပ်ငန်းအများဆုံးရှိသည်။

သုတေသနအင်းလုပ်ကိုင်ခွင့် ရရှိသော အင်းသားကြီးများအနေဖြင့် လုပ်ငန်းရာသီစတင်သည်နှင့် အင်းအတွင်း ဒိုက်ပေါင်းများ ရှင်းလင်းခြင်း၊ အင်းရေစီး ရေလာနှင့် ရေဝင်ရေထွက်ကောင်းမွန်စေရန် ရှင်းလင်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ကြသည်။

အင်းအတွင်း ငါးရစ်ငါးသန် ဖမ်းဆီးမှုမရှိစေရေး၊ တရားမဝင်ငါးခိုး ဖမ်းဆီးမှုမရှိစေရေး၊ အင်းနှင့်ဆက်စပ်လျက်ရှိသော စိုက်ပျိုးမြေများအတွင်း ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲမှုမရှိစေရေးစသော လုပ်ငန်းများကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သုတေသနအင်းအတွက် တာဝန်ချထားသော ဝန်ထမ်းများက ပူးပေါင်းလုပ်ဆောင်ကြရသည်။

"သုတေသနအင်းကို လုပ်ကိုင်ခွင့်ရကြသည့်အင်းသားကြီးသည် သတ်မှတ်နှုန်းထားအတိုင်း ပုံမှန်အားဖြင့် သုံးနှစ်ဆက်တိုက် လုပ်ကိုင်ခွင့်ရှိကြမည်ဖြစ်သည်။ အင်းသားကြီး၏ ပူးပေါင်းလုပ်ဆောင်မှု၊ အင်းကို ပြုပြင်ထိန်သိမ်းမှုကောင်းပါက နောက်ထပ် နှစ်နှစ်သက်တမ်းတိုးကာ ငါးနှစ်အထိသာ လုပ်ကိုင်ခွင့်ပြုထားသည်။ အင်းများအားလုံး ငါးထုတ်လုပ်မှုတိုးတက်လာစေရန် နောက်ထပ် အင်းတစ်ခုကို ပြောင်းလဲ၍ သုတေသနပြုလုပ်သွားမည်ဖြစ်သည်။

ထိုသို့သုတေသနအင်းကို လုပ်ကိုင်ခွင့်ရသော အင်းသားကြီးကို နိုင်ငံတော်က အတိုးမဲ့ငွေကျပ်သိန်းတစ်ရာ ထုတ်ချေးပေးပြီး အင်းသားကြီးအနေဖြင့် ဌာနသုတေသနလုပ်ငန်းများကို ကူညီပေးရမည်ဖြစ်သည်။ ထို့ပြင် အင်းအတွင်းရှိ တိုင်းရင်းမျိုးငါးများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ငါးသားဖောက်စခန်းများသို့ အခမဲ့ပံ့ပိုးပေးရမည်ဟု သိရသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ကတော့ကြီးဂရက် အင်းကို ငါးလုပ်ငန်းဦးစီးဌာနက သုတေသနအင်းအဖြစ် ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်တွင် အင်းပေါင်း ၆၆ အင်းရှိပြီး သုတေသနအင်းအဖြစ် ကလော့ကြီးဂရက်အင်းကို သတ်မှတ်ထားသည်။

ကလော့ကြီးဂရက် သုတေသနအင်း၏ ငါးကြီးထွားနှုန်း တိုင်းတာစစ်ဆေးမှုများအရ သဘာဝတိုင်းရင်း ငါးမျိုးများဖြစ်ကြသော ငါးပြေမ၊ ငါးစင်ရိုင်း၊ ငါးကျည်း၊ ငါးရူ၊ ငါးရုံနှင့်ငါးဖယ်များသည် ကြီးထွားနှုန်းကောင်းမွန်ပြီး ငါးအမျိုးအစားအလိုက် တစ်လက်မမှ လေးလက်မခန့်ရှိကာ ငါးမြစ်ချင်းမှာ ၁၁ လက်မခန့်နှင့် ငါးခေါင်းပွမှာ ၁၀ လက်မခန့် ကြီးထွားမှုရှိကြောင်း သိရသည်။

ထိန်းသိမ်းခြင်းနှင့် ငါးမျိုးချုန်မွေးမြူ ဖမ်းဆီးခြင်းစနစ်ကို လုပ်ဆောင်ခဲ့သည်။

ယင်းစနစ်အရ ၂၀၂၁ ခုနှစ် လုပ်ငန်းရာသီအတွက် ငါးခူပိသာချိန် ၁၀၀ ခန့်နှင့် ငါးကျည်း ပိသာချိန် ၁၀၀ ခန့်တို့ကို အင်းအတွင်း ထည့်သွင်းမွေးမြူခဲ့ပြီး လော်ကားငါးလုပ်ငန်းစခန်းမှ ရရှိသော ငါးမြစ်ချင်းသားပေါက် ၂၀၀၀ ခန့်ကိုလည်း ထည့်သွင်းမွေးမြူထားကြောင်း သိရသည်။

ကလော့ကြီးဂရက် သုတေသနအင်း၏ ငါးကြီးထွားနှုန်း တိုင်းတာစစ်ဆေးမှုများအရ သဘာဝတိုင်းရင်း ငါးမျိုးများဖြစ်ကြသော ငါးပြေမ၊ ငါးစင်ရိုင်း၊ ငါးကျည်း၊ ငါးရူ၊ ငါးရုံနှင့်ငါးဖယ်များသည် ကြီးထွားနှုန်းကောင်းမွန်ပြီး ငါးအမျိုးအစားအလိုက် တစ်လက်မမှ လေးလက်မခန့်ရှိကာ ငါးမြစ်ချင်းမှာ ၁၁ လက်မခန့်နှင့် ငါးခေါင်းပွမှာ ၁၀ လက်မခန့် ကြီးထွားမှုရှိကြောင်း သိရသည်။ ■

အခြေခံငါးမွေးမြူရေးနှင့်ဆေးထိုးသားဖောက်နည်းပညာပေးသင်တန်း မောင်တောတွင် ဖွင့်လှစ်

မောင်တော ဇူလိုင် ၈

အခြေခံငါးမွေးမြူရေး ဆေးထိုးသားဖောက်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၄ ရက်က မောင်တော ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးဌ၌ ကျင်းပရာ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီထွေးက အဖွင့်အမှာစကား ပြောကြားပြီး(ဝုံ) ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် များ၊ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်း များနှင့် သင်တန်းသားများတက်ရောက်ကာ သင်တန်း ကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်သည်။

MOALI ဖြန်ကြားရေး

ဇွန်လကုန်အထိ ရေထွက်ပစ္စည်းတင်ပို့မှု လျော့နည်း

ငါး၊ ပုစွန်နှင့်အခြားရေထွက်ပစ္စည်းများ ၂၀၂၀–၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇွန်လကုန်အထိ ၄ ဒသမ ၃၂ မက်ထရစ်တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၆၄ သန်းရရှိခဲ့ပြီး ပုံမှန်ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုတွင် မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်နှင့် အခြားရေထွက်ပစ္စည်းတင်ပို့မှု ယမန်နှစ်ကထက် လျော့နည်းခဲ့ကြောင်း သိရသည်။

ထို သို့လျော့နည်းရသည့် အကြောင်းရင်းမှာ ကိုဗစ်ကပ်ရောဂါလက်ရှိဖြစ်ပွားနေမှု၊ မေ–ဇွန်–ဧပြီလင်းတို့မှာ ငါးမဖမ်းရ ရာသီဖြစ်နေမှု၊ Oversea Trade တွင် ကျန်တိန်နာ အလွတ်ရရှိရန် ခက်ခဲမှုတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှု စစ်ဆေးရေးစခန်းများအနက် မြဝတီနှင့် ထီးခီးစစ်ဆေးရေးစခန်းနှစ်ခုသာ ပုံမှန်တင်ပို့နိုင်ပြီး ကော့သောင်းနှင့် မြိတ်စခန်းမှတင်ပို့မှုလျော့နည်းကြောင်း သိရသည်။ တစ်ဖက်နိုင်ငံ၏ ကိုဗစ်ကပ်ရောဂါအခြေအနေကြောင့် စစ်တွေ၊ မောင်တော၊ တမူးနှင့်ရိုဒ်စခန်းများမှ တင်ပို့မှုမရှိကြောင်း သိရသည်။

မူဆယ်စခန်းတွင်လည်း တရုတ်နိုင်ငံသို့ ရေခဲငါး၊ ပုစွန်နှင့် ကဏန်း(အရှင်)များ တင်ပို့ခွင့်မရခြင်းတို့ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရှိရသည်။ ■

ရွှေကျင်မြို့နယ် ငါးရစ်ငါးသန်ကာလ ကွင်းဆင်း စစ်ဆေး

ရွှေကျင် ဇူလိုင် ၈

ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရစ်ငါးသန်ကာလအတွင်း တရားမဝင် ငါးဖမ်းဆီးမှုများ မရှိစေရေးအတွက် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းများကို အင်းသားကြီးများ၊ ရေလုပ်သားကြီးများနှင့် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းစိန်လှိုင်နှင့် ဝန်ထမ်းများအပါအဝင် ပဂွီးအင်းသားကြီး ဦးမျိုးနိုင်တို့အဖွဲ့က

စစ်တောင်းမြစ်နှင့် ကျောက်ကြီးချောင်းအတွင်းသို့ ကွင်းဆင်း စစ်ဆေးကာ တရားမဝင် ငါးဖမ်းပိုက်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည်။ ■

ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေး နှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

– ငါးမွေးမြူရေးကန်များ၏ ကန်ဘောင်များခိုင်ခံ့ရန်အတွက် ကန်ဘောင်ပါးသော၊ နှိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ဘောင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်။

– အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်။

– ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ ထားပါရန်။

– လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့်စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးမျိုးအား ဦးစားပေးရွှေ့ပြောင်းထားပါရန်။

– သိုလှောင်ထားသောငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်။

– ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်။

– မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရတစိုက် စစ်ဆေးနေပါရန်။

– ထူးခြားသည့်အခြေအနေများ အချိန်နှင့်တပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်သွားပါရန်။

– နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသောအရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင် ပါရှိသည့်မိုးလေဝသနှင့်ပတ်သက်သည့်သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်။

– ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန

ငါးလုပ်ငန်းဦးစီးဌာန နှစ်လက်မအရွယ် ငါးသားပေါက် ကောင်ရေ သိန်း ၃၃၀ ခန့် ငါးမျိုးစိုက်ထည့်ပြီးစီး

နေပြည်တော် ဇူလိုင် ၈

ငါးလုပ်ငန်းဦးစီးဌာနသည် မြစ်ကြီးများ၊ မြစ်ဖျားများ၊ ချောင်းဖျားများ၊ ချောင်းလက်တက်များနှင့် ဆည်၊ ရေလှောင်တမံ၊ ကန်များအတွင်းသို့ နှစ်လက်မအရွယ် ငါးသားပေါက် ကောင်ရေ ၁၀၁၂ ဒသမ ၀၇၅ သိန်းကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေး ကြီးကြပ်ကွပ်ကဲရေးကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည်။

ယင်းအစီအစဉ်အရ ၂၀၂၀–၂၀၂၁ ခုနှစ် ဇွန်လအထိ ငါးသားပေါက် ကောင်ရေ ၃၂၈ ဒသမ ၉၅ သိန်း ငါးမျိုးစိုက်ထည့်ပြီးဖြစ်သည်ဟု သိရသည်။

ငါးဦးစီး

မြစ်မ်းရောင်(ငါးကဏ္ဍာ)ဆိုင်ရာလုပ်ငန်းများ ဒေးဒရဲတွင် ကွင်းဆင်း စစ်ဆေး

ဒေးဒရဲ ဇူလိုင် ၈

ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးမှူးနှင့်အဖွဲ့သည် ဒေးဒရဲ မြို့နယ်အတွင်း မြစ်မ်းရောင် (ငါးကဏ္ဍာ) ကျေးရွာများဖြစ်သည့် ကျုံသင်ကျေးရွာနှင့် ကျုံဘုတ် ကျေးရွာများတွင် ကျေးရွာများအတွင်း ချေးငွေထုတ်ယူထားသော ရေလုပ်သားများ၊ မြစ်မ်းရောင် ကော်မတီဝင်များ၏ လုပ်ငန်းအခြေအနေများနှင့် အတိုးရငွေများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ဇူလိုင် ၄ ရက်က ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးမှူးနှင့်အဖွဲ့သည် အမာမြို့နယ် ငါးလုပ်ငန်းဦးဌာန အနေဖြင့် သရက်ပင်ဆိပ်ကျေးရွာ၊ ဗန်ဒါ၀င်၊ ခါးပြတ်ကျေးရွာ မြစ်မ်းရောင် (ငါးကဏ္ဍာ)အရင်း မပျောက် လည်ပတ်ရန်ပုံငွေ ကျေးရွာနှစ်ရွာရှိ ကော်မတီများ အသင်းသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ထားမှုများကို စစ်ဆေးခဲ့ပြီး ကျေးရွာရန်ပုံငွေမှုများ နှင့်ပတ်သက်၍ စစ်ဆေးကြည့်ရှုခဲ့ကြသည်။ ■

The Agri-Business News

အယ်ဒီတာချုပ်
မြတ်စိုး(လှိုင်)
အမှုဆောင်အယ်ဒီတာ
တင်ကြည်လှိုင်
ထုတ်ဝေသူ
ဦးမျိုးတင့်ထွန်း
မြ - ၀၀၄၁၁
ပုံနှိပ်သူ
ဦးမောင်နီ
မြ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့
ဒေါင်းဒီဇိုင်းလုံး
သက်မော်
ဒီဇိုင်း
မြတ်လင်း၊ ခင်နွယ်နီ
ဓလင်၊ ကာလာ
Eagle
ဖြန့်ဝေ
လယ်ယာစီးပွားသတင်းအဖွဲ့
ဖြန့်ချိရေး
စိုက်ပျိုးရေး၊
မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဒီမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဒီမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စီမံကိန်းဦးစီးဌာန

ဆက်သွယ်ရန်
လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက်
ရန်ကုန်မြို့
ဖုန်း-၆၆၃၅၀၅
Email:
agribusinessnews
2000@gmail.com

အယ်ဒီတာအာဘော်

အစဉ်ဂရပြုကာကွယ် အဖျက်ပိုးမွှားအန္တရာယ်

မြန်မာနိုင်ငံ၏ရာသီဥတုသတ်မှတ်ချက်အရ ၀၊ဆိုလပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အထိ မိုးရာသီဟု သတ်မှတ်ထားသည်။

မကြာမီတွင် ၀၊ဆိုလပြည့်ကျော် ၁ ရက်မှစတင်ကာ မိုးရာသီသို့ဝင်ရောက်တော့မည်ဖြစ်၍ ယခုတလော မိုးဆက်တိုက်ရွာသွန်းနေကာ စွတ်စိုထိုင်းမှိုင်းမှုများ ရှိလာသည်။

ရာသီဥတု စွတ်စိုထိုင်းမှိုင်းခြင်းသည် သီးနှံဖျက်ပိုးများ တိုးပွားစေသည့်အကြောင်းရင်းဖြစ်သည်သာမက အပင်ရောဂါကိုလည်း ဖိတ်ခေါ်သကဲ့သို့ ဖြစ်တတ်သည်။

ဖျက်ပိုးနှင့်အပင်ရောဂါသည် တောင်သူဦးကြီးများအား ဒုက္ခပေးသည့်အန္တရာယ်များဖြစ်ကြပြီး ကြိုတင်သတိမမူမိလျှင် (သို့မဟုတ်) ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်မထားကြလျှင် သီးနှံအထွက်နှုန်းကျကာ စီးပွားရေးကို ကြီးမားစွာ ထိခိုက်ပျက်စီးစေနိုင်သည်။

ထို့ကြောင့် စပါးစိုက်ပျိုးရာသီတွင် စပါးပင်၌ ကျရောက်တတ်သည့် ပိုးမွှားများကို အထူးဂရုပြုသတိမူကာ ကာကွယ်နှိမ်နင်းကြရန် လိုအပ်သည်။

စပါးပင်ကြီးထွားချိန်တွင် ပိုးလောင်မီး၊ စပါးရွက်လိပ်အိမ်ပိုး၊ ရွက်လိပ်ရွက်ဖြတ်ပိုး၊ ကြက်သွန်မြီတ်ပိုး၊ ငမြှောင်တောင်နှင့်ဖြုတ်ပိုးများ ကျရောက်တတ်သည်။

ပိုးလောင်မီးသည် စပါးပင်စတင်ပေါက်သည်မှ ပျိုးခင်းအဆင့်၊ စိုက်ခင်းအဆင့်၊ ကြဲခင်းအဆင့်စသည့် အဆင့်အသီးသီးနှင့် စပါးရွက်နချိန်တို့တွင် ကျရောက်တတ်ပြီး စွတ်စိုထိုင်းမှိုင်းလျှင် ပို၍ကျရောက်နိုင်သည်။ ပိုးကျရောက်စဉ် လေပြင်းတိုက်ခတ်ပါက လေနှင့်အတူလွင့်ပါးပြီး အချိန်တိုအတွင်း ကျယ်ပြန့်စွာ ကျရောက်တတ်သည်။

စပါးရွက်လိပ်အိမ်ပိုးသည် စပါးပင်ကြီးထွားချိန်တွင် ကျရောက်တတ်ပြီး မိုးများ၍စွတ်စိုထိုင်းမှိုင်းလျှင် ပို၍ ကျရောက်တတ်သည်။

မိုးအုံ့တိမ်ထူပြီး စွတ်စိုသောရာသီဥတုတွင် ကြက်သွန်မြီတ်ပိုးလည်း ကျရောက်တတ်သည်။ ကြက်သွန်မြီတ်ပိုးကြောင့် အနှံမထွက်နိုင်တော့ဘဲ စပါးအထွက်နှုန်းကျတတ်သည်။

ငမြှောင်တောင်ပိုးမှာ စပါးပင်ကြီးထွားချိန်တွင် ကျရောက်တတ်ပြီး ပျိုးခင်းနှင့်စိုက်ခင်းများ၌ စိုက်ပျိုးပြီး အပင်ကြီးထွားချိန်တွင် ပို၍ ကျရောက်တတ်သည်။ မိုးဦးကောင်းပြီး မိုးလယ်ခေါင်သောနှစ်များတွင် ပို၍သတိပြုရန် လိုအပ်သည်။ ဂရုမပြုမိပါက အချိန်တိုအတွင်း စပါးခင်းအတော်များများကို ပျက်စီးစေနိုင်သည်။

ဖြတ်ပိုးများဖြစ်ကြသော ဖြတ်စိမ်းနှင့်ဖြတ်ညိုနှစ်မျိုးစလုံးသည် မိုးများပြီး စွတ်စိုသောရာသီတွင် ပိုမိုကျရောက်နိုင်သည်။ ဖြတ်ပိုးများသည် ကိုယ်တိုင်ဖျက်ဆီးရုံသာမက ဗိုင်းရပ်စ်ရောဂါပိုးများကိုပါ သယ်ဆောင်ကာ ရောဂါကျရောက်စေသည်။ ဖြတ်ညိုများသည် ကြဲခင်းကို ပို၍ကျရောက်တတ်သည်။

စပါးအနှံသန္ဓေကြီးထွားချိန်တွင် ဆစ်ပိုးများလည်း ဝင်ရောက်တိုက်ခိုက်တတ်သည်။ အဝါရောင်ဆစ်ပိုး၊ အစင်းပါဆစ်ပိုး၊ ခေါင်းမည်းဆစ်ပိုး၊ ပန်းရောင်ဆစ်ပိုးနှင့် အဖြူရောင်ဆစ်ပိုးဟူ၍ ငါးမျိုးတွေ့နိုင်သည်။

ဆစ်ပိုးသည် မိုးစပါးရောဆွေစပါး၌ပါ ကျရောက်တတ်သည်။ ဆစ်ပိုးများစွာကျရောက်ပါက တံစဉ်လွတ်သည်အထိ ဆုံးရှုံးမှု ကြီးမားနိုင်သည်။

ထို့ကြောင့် တောင်သူလယ်သမားများအနေဖြင့် ဖျက်ပိုးများကြောင့် စီးပွားထိခိုက်ပျက်စီးမှုမကြုံရစေရန် စပါးစိုက်ပျိုးချိန်မှ ရိတ်သိမ်းခြွေလေ့ရောင်းချပြီးသည်အထိ အစဉ်ဂရုစိုက်ကာကွယ်ကြရန်နှင့် နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့၏ အကူအညီကိုရယူကာ ကာကွယ်နှိမ်နင်းကြရန် တိုက်တွန်းအပ်ပေသည်။ ။

ငဖဲမြို့နယ်အတွင်း မိုးစပါးပျိုးထောင်ရန် ဆည်ရေများ စတင်ပေးဝေ

ငဖဲ ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်း မန်းချောင်းရေလှောင်တမံ ဆည်ရေသောက် ဧရိယာများတွင် မိုးစပါးလျာထား ဧက ၂၉၇၄ ဧကအတွက် ပျိုးထောင်မှုများ စတင်လုပ်ကိုင်နိုင်ရန် ဇူလိုင် ၁ ရက်မှစ၍ ဆည်ရေပေးဝေလျက်ရှိကြောင်း သိရသည်။

၂၀၂၁–၂၂ ခုနှစ် မိုးစပါးရာသီတွင် မန်းချောင်းရေလှောင်တမံ လက်ဝဲမြောင်းမကြီးရှိ ကျေးရွာခြောက်အုပ်စု ကွင်းပေါင်း ၁၄ ကွင်းတွင် လျာထားဧက ၁၀၀၃ ဧက၊ လက်ယာမြောင်းမကြီးတစ်လျှောက် ကျေးရွာ ခုနစ်အုပ်စု၊ ကွင်းပေါင်း ၁၅ ကွင်းတွင် လျာထားဧက ၁၉၇ ဧက၊ ရင်းရှည်တမံ ဆည်ရေသောက် ဧရိယာအတွင်းရှိ ကျေးရွာနှစ်အုပ်စု ကွင်း ပေါင်းလေးကွင်းတွင် လျာထား ဧက ၂၈၅၊ စုစုပေါင်းကျေးရွာ အုပ်စု ၁၅ အုပ်စုတွင် မိုးစပါးပျိုးထောင်စိုက်ပျိုးနိုင်ရန် လျာထားဧက ၃၂၅၉ ရှိသည်။

မန်းချောင်းရေလှောင်တမံတွင် လက်ရှိရေသိုလှောင်ပမာဏ ဧကပေ ၃၅၀၀၀၀ ကျော်ရှိသောကြောင့် ဆည်ရေပေးဝေနိုင်မှုအရ မိုးစပါး ၂၉၇၄ ဧက စိုက်ပျိုးရန် လျာထားထားခြင်း ဖြစ်သည်။

ထို့ကြောင့် မိုးစပါး ပျိုးထောင်မှုစတင်နိုင်ရန် မန်းချောင်းရေလှောင်တမံမှ ဇူလိုင် ၁ ရက်က စတင်ကာ ဆည်ရေပေးဝေလျက်ရှိပြီး ရင်းရှည်ရေလှောင်တမံမှ ဇူလိုင် ၂၀ ရက်တွင် ပျိုးထောင်ရေပေးဝေမည်ဖြစ်ကြောင်း သိရသည်။

မယု (ငဖဲ)

ယခုနှစ် စိုက်ပျိုးရာသီအတွက် မျိုးစေ့သုံးမျိုး ထုတ်ရောင်း

မော်ဘီ ဇူလိုင် ၉

ယခုနှစ် စိုက်ပျိုးရာသီအတွက် စပါးမျိုးစေ့သုံးမျိုးကို တောင်သူများနှင့်ကုမ္ပဏီများသို့ မော်ဘီမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသန(ဗဟို)ဆန်စပါးသုတေသနဌာန မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်ရောင်းပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုစပါးမျိုးစေ့သုံးမျိုးမှာ ဆင်းသုခ၊ ဧရာမင်းနှင့်မော်ဘီ–၂ စပါးမျိုးများဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ တောင်သူများနှင့်ကုမ္ပဏီများကို ရောင်းချပေးခြင်းဖြစ်သည်။

"ကျွန်မတို့အနေနဲ့ကတော့ တောင်သူဦးကြီးတွေ အဆင်ပြေစေဖို့အတွက် မျိုးစေ့ထုတ်လုပ်ခြင်း၊ သုတေသနလုပ်ငန်းတွေနဲ့ တောင်သူပညာပေးလုပ်ငန်းတွေ လုပ်ပေးနေပါတယ်။ လက်ရှိ ကျွန်မတို့ မော်ဘီဗဟိုခြံမှာ ဧက ၄၀၀ ရှိတယ်။ နှစ်စဉ်တော့ ဧက ၂၇၀ မိုးစပါးစိုက်တယ်။ နွေစပါးကတော့ ဧက ၅၀ ပဲ စိုက်ပြီး မျိုးစပါးသုတေသနတွေ လုပ်နေပါတယ်"ဟု ယင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီချိုက ပြောသည်။

စပါးမျိုးစေ့ထုတ်လုပ်ရန်အတွက် မျိုးကွဲနှစ်ပေးခြင်း၊ နေရောင်နှင့် အခြောက်ခံခြင်း၊ အပူပေးစနစ်ဖြင့် အခြောက်ခံခြင်းနှင့် မျိုးစေ့နမူနာ ယူခြင်းနှင့် မျိုးစေ့အစိတ်တာ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ မျိုးစေ့သန့်စင်မှုလက်မှတ်ထုတ်ပေးကာ တောင်သူများနှင့် ကုမ္ပဏီများကို ထုတ်ရောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။ **ZLH**

သွင်းကုန်အစားထိုးသင်တန်း သုံးခု ဖွင့်မည်

ရန်ကုန် ဇူလိုင် ၉

ရော်ဘာကို အခြေခံသွင်းကုန် အစားထိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် နည်းပညာသင်တန်းသုံးမျိုးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရည်သီးနဲ့ဌာနခွဲ၊ ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနမှ ယခုနှစ်အတွင်း ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထိုဖွင့်လှစ်သင်ကြားပေးမည့် နည်းပညာသင်တန်းများမှာ ရော်ဘာအစေးရည်ကို အခြေခံ၍ ရော် ဘာပစ္စည်းထုတ် လုပ်မှု သင်တန်း၊ အခြေခံရော်ဘာပစ္စည်း ထုတ်လုပ်မှုသင်တန်းနှင့် မှိုင်းခံ ရော်ဘာကို အခြေခံ၍ ရော်ဘာ ပစ္စည်းထုတ်လုပ်မှုသင်တန်းတို့ ဖြစ်သည်။

"ကျွန်မတို့ဌာနရဲ့ အဓိက ရည်ရွယ်ချက်က နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေး စံချိန်စံညွှန်းများကို ပြည်တွင်း ရော်ဘာထုတ်ကုန်သုံးစွဲသူများနဲ့ ထုတ်လုပ်သူများကို ပံ့ပိုးပေးဖို့နဲ့ နိုင်ငံတကာဈေးကွက်သို့ ရော်ဘာ ထုတ်ကုန်ပစ္စည်းများ တင်ပို့နိုင်ဖို့ အတွက် လိုအပ်တဲ့ နိုင်ငံတကာ အသိအမှတ်ပြုထောက်ခံချက်တွေ ထုတ်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ အဲဒီ အတွက် လိုအပ်တဲ့ နည်းပညာ သင်တန်းတွေ အရည်အသွေး စစ်ဆေးခြင်းတွေကို ပြုလုပ်ပေးနေ တာပါ"ဟု ယင်းဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်တင်ဌေးက ပြောသည်။

ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနအနေဖြင့် သဘာဝရော်ဘာလုပ်ငန်းသုံး ဓာတု ဓာတ်ဆေးများနှင့် ကုန်ကြမ်းများ၊ ရော်ဘာကုန် ချောပစ္စည်းများ စမ်းသပ်ခြင်းလုပ်ငန်းများကို ဓာတ်ခွဲခန်းနှစ်ခုနှင့် စမ်းသပ် ထုတ်လုပ်ခြင်းဌာနနှစ်ခုတို့ဖြင့် တိုးမြှင့် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

"ဌာနအနေနဲ့တစ်နှစ်ကို သင်တန်းသုံးကြိမ်ဖွင့်တယ်၊ ဌာန အတွင်း ဝန်ထမ်းတွေရော ပြင်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်ပါ ဖွင့်ပေးတာပါ။ သင်တန်းအချိန်ကို အတိအကျသတ်မှတ်ထားတာတော့ မရှိဘူး။ လုပ်ငန်းရှင်များရဲ့ တောင်း ဆိုမှုနဲ့ လုပ်ငန်းလိုအပ်ချက်အရ တောင်းဆိုရင်လည်း သင်တန်းတွေ ကို ဖွင့်လှစ်သင်ကြားပေးပါတယ်" ဟု ယင်းက ရှင်းပြသည်။

အဆိုပါနည်းပညာသင်တန်း များကို လိုအပ်ပါက တစ်နိုင်ငံလုံးရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ် များကို သွားရောက်ပြီး သင်တန်း များဖွင့်လှစ်သင်ကြားပေးလျက်ရှိ ကြောင်း သိရသည်။

ဌာနအနေနှင့်လည်း ဆီစိမ်ခံ စက်အရန်ပစ္စည်းများ၊ အပူခံစက် အရန်ပစ္စည်းများ၊ ရာသီဥတုဒဏ်ခံ ပစ္စည်းများ၊ ဖိနှိပ်ဒဏ်ခံစက်အရန် ပစ္စည်းများ၊ လျှပ်ကာပစ္စည်းများ၊ ရေစိမ် ဒဏ်ခံရော်ဘာပစ္စည်းများ၊ အက်စစ် ဒဏ်ခံရော်ဘာပစ္စည်းများ နှင့် မီးလောင်ဒဏ်ခံရော်ဘာပစ္စည်း များကိုစမ်းသပ်ထုတ်လုပ်လျက်ရှိကြသည်။

ပြည်တွင်းရှိ ရော်ဘာအခြေခံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချ လျက်ရှိသော လုပ်ငန်းရှင်များနှင့် ကုဗွေထီများအနေဖြင့် လုပ်ငန်းခွင် တွင် ကြုံတွေ့ရသောအခက်အခဲ များ၊ နည်းပညာများနှင့် ဝန်ထမ်း များအတွက် လိုအပ်သောထုတ်လုပ်မှု သင်တန်းများ ဖွင့်လှစ်သင်ကြား ပေးနိုင်ရန် ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနသို့ ဆက် သွယ်အကူအညီ ရယူနိုင်ကြောင်း သိရသည်။ **ZLH**

ရှေ့ဖုံး – ဆီထွက်သီးနှံ မှ

နှင့် သုတေသနပြုရရှိလာသည့် သီးနှံ မျိုးသစ်များနှင့်နည်းပညာ များအား တောင်သူများ ကျယ်ကျယ် ပြန့်ပြန့်အသုံးပြုလာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် သီးနှံ သုတေ သနများ ဆောင်ရွက်လျက် ရှိသည်။

၂၀၁၉–၂၀၂၀ ခုနှစ် မိုးရာသီ တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် သင့်တော်ပြီး အထွက်နှုန်း ကောင်းမွန်သော မျိုးများရရှိရေး အတွက် ကုလားပဲ၊ ပဲတီစိမ်း၊ ဂျုံ၊ ပဲစင်းငုံ၊ နှံစားပြောင်း၊ ဆတ်သီးနှံ၊ စပါးနှင့်ပဲတီစိမ်းသုတေသနလုပ်ငန်း များကို စနစ်တကျဆောင်ရွက်၍ အလားအလာကောင်းမျိုးများ ရွေးချယ်ခြင်းသုတေသနများကို ဆောင်ရွက်ခဲ့သည်။ ၂၀၂၀–၂၀၂၀ ခုနှစ် မိုးနေဘင်းရာသီတွင် ရေတတ်ဒဏ်နှင့် အပူဒဏ်ခံနိုင် သည့် မျိုးများရရှိ လာစေရေး ရည်ရွယ်ချက်ဖြင့် ဂျုံ၊ ကုလားပဲ သီးနှံ သုတေသနများအား အထွက်နှုန်းကောင်းမွန်၍ ရေ၊ မြေ၊ ဒေသရာသီဥတုနှင့်ကိုက်ညီသော မျိုးများရရှိရေးသုတေသနများကို ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ တောင်သူများ၏ မျိုးစေ့ လိုအပ်ချက်များ ဖြည့်ဆည်းပေး နိုင်ရေးအတွက် ဒေသသုတေသန ဗဟိုဌာန (ဧလုပ်)မှ စပါးသီးနှံမျိုး များအနေဖြင့် ဆင်းသုခနှင့် မနော သုခစပါးမျိုးများကိုလည်းကောင်း၊ ဆီထွက်သီးနှံအနေဖြင့် စပ်မျိုး နေကြာ ၁ မျိုးကိုလည်းကောင်း၊ ပဲမျိုးစုံ သီးနှံ မျိုးများအနေဖြင့် ပဲတီစိမ်းမျိုးများဖြစ်သည့် ရေဆင်း ၁၁ နှင့် ၁၄ မျိုးများ၊ ပဲစင်းငုံမျိုး များဖြစ်သည့် မုဒ္ဓရွှေဒဂါးမျိုး၊ ပဲစင်းငုံရေဆင်း ၈၊ ရေဆင်း ၁၀ မျိုးများ၊ ကုလားပဲမျိုးများဖြစ်သည့် ရေဆင်း ၆၊ ရေဆင်း ၈၊ ရေဆင်း ၉၊ ရေဆင်း ၁၁၊ ရေဆင်း ၁၂ မျိုးများကိုလည်းကောင်း၊ ဂျုံသီးနှံ မျိုးများအနေဖြင့် မုဒ္ဓရာဂျုံဖြူ၊ ဧလုပ် ဖြူ ၂၊ ရေဆင်း ၁၁ နှင့် ရေဆင်း ၁၂ ဂျုံမျိုးများကို ပွားများ ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးသူတောင်သူများကို အဆိုပါမျိုးများအား ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပြီး မျိုးအခက် အခဲရှိသော တောင်သူများသည် စစ်ကိုင်းတိုင်းဒေသကြီး မုဒ္ဓာမြို့ရှိ ဒေသသုတေသနဗဟိုဌာန(ဧလုပ်) နှင့် ဆက်သွယ်ရယူနိုင်ကြောင်း သိရသည်။

စိုက်/သု

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍ စီမံကိန်းရေးဆွဲ ဆောင်ရွက် မျိုးစေ့ထုတ်လုပ်ငန်းတွင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့် ခွင့်ပြု

ရန်ကုန် ဇွန် ၂၈

စိုက်ပျိုးထုတ်လုပ်ရေးမှာ ကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး မွေးမြူရေးမှ အကျိုးအမြတ် များ ပိုမိုရရှိလာမည်ဖြစ်သည်။

ထို့ကြောင့် တောင်သူများအနေဖြင့် တိရစ္ဆာန်အစာပင်များ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် အရည်အသွေးပြည့်ဝသည့် မွေးမြူရေး ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည့်အပြင် မွေးမြူရေးလုပ်ငန်းမှ ဝင်ငွေပိုမိုရရှိလာတော့ မည်ဖြစ်ရာ တောင်သူတစ်ဦးချင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးမှသည် ဒေသတွင်း ဖွံ့ဖြိုး တိုးတက်ရေးကိုပါ အထောက်အကူပြုနိုင် တော့မည် ဖြစ်ပေသည်။ **ကေတာ**

ကုလားအော်ငရုတ် ဈေးကောင်းရ တောင်သူများ ဝင်ငွေလိုင်

ကောလင်း ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် ဝန်းသိမ်မြို့နယ်တို့တွင် ကုလားအော် ငရုတ်သီးများ ဈေးကောင်းရလာ သဖြင့် တောင်သူများ အဆင်ပြေ လျက်ရှိသည်။

ငရုတ်သီးစိမ်းဈေးမှာ ဇွန်လအတွင်းက တစ်ပြည်လျှင် ဒွေကျပ် ၁၃၀၀ ဈေးရှိခဲ့ရာမှ ယခု အခါ တစ်ပြည်လျှင် ဒွေကျပ် ၂၅၀၀ အထိ မြင့်တက်လာခဲ့သည်။

ကုလားအော်ငရုတ်သီးမှာ ဇကဝက်အတွက် စိုက်စရိတ် ကျပ် တစ်သိန်းခန့်ကုန်ကျပြီး ဇကဝက် မှ တစ်ကြိမ်ခူးဆွတ်လျှင် ပြည် ၅၀၀ ခန့်ရရှိကာ အထွက်နှုန်း ကောင်း သဖြင့် ဝင်ငွေကောင်းလျက် ရှိကြ သည်။

ယင်းဒေသတွင် တောင်သူ များသည် သီးနှံ တစ်မျိုးကို ဇကဝက်ခန့်သာ စိုက်ပျိုးကြပြီး သီးနှံတစ်မျိုးစေ့ဈေးကောင်းပါက အခြားသီးနှံတစ်မျိုးကို အစားထိုး စိုက်ပျိုးကာ ဇကနည်းနည်းဖြင့် သီးနှံစုံစိုက်ပျိုးကြကြောင်း သိရသည်။

မြင့်ထွန်းမင်း (ကောလင်း)

ရှေ့ဖုံး – တိရစ္ဆာန်အစာ မှ

တောင်သူတွေကိုလည်း စိုက်ချင်လာအောင် ထပ်ဆင့်မျှဝေသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံရှိ ကျွဲ၊ နွားများသည် အာဟာရဓာတ်နည်းပါးပြီး ဖွံ့ဖြိုးမှုမရှိသော အစာများကိုသာ စားသုံးကာ ရှင်သန်နေရ သဖြင့် ကြီးထွားမှုနှေးကွေးပြီး အရွယ်ရောက် မှ နောက်ကျနေသည်။ ထို့ကြောင့် ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်း ထွန်းကားလိုလျှင် အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်း ကောင်းသည့် တိရစ္ဆာန်အစာပင်များကို စိုက်ပျိုးထုတ်လုပ်ကာ မွေးမြူသင့်သည်။

တိရစ္ဆာန်အစာပင်ဆိုရာတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ၏အစာအဖြစ် အသုံးပြု နိုင်သော စားကျက်မြေများ၊ စားကျက်ပဲနွယ် ပင်များ၊ လူတို့စားသုံးရန် အဓိကစိုက်ပျိုး သော်လည်း ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနေကြခြင်း ဖြစ်သည်။

တိရစ္ဆာန်အစာပင်များ စိုက်ပျိုးရာတွင် တိရစ္ဆာန်များအတွက် အရသာကောင်းခြင်း၊ အစာစားချင်စိတ် မြင့်မားခြင်း၊ အထွက်နှုန်း မြင့်မားခြင်း၊ အာဟာရဓာတ်မြင့်မားခြင်း (အသားဓာတ်/စွမ်းအင်ဓာတ်)၊ စိုက်ပျိုးမည့် ဒေသ၏ ရာသီဥတုနှင့်ဖြေအမျိုးအစား ကိုကိုညီမှုရှိခြင်း၊ အသုံးချခြင်း (ရိတ်ကျွေး ခြင်း၊ လွှတ်ကျောင်းခြင်း၊ မြက်ခြောက်/ ချဉ်ဖတ်)ပြုလုပ်ခြင်းစသည့်အချက်များကို ထည့်သွင်းစဉ်းစားစိုက်ပျိုးကာ ကျွေးမွေး သင့်သည်။

မြန်မာနိုင်ငံတွင် နေပီယာမြက်နှင့် မွန်ဘားဆားမြက်မျိုးများကို တိရစ္ဆာန်အစာ အဖြစ် အများဆုံးစိုက်ပျိုးလေ့ရှိသည်။ နေပီယာမြက်သည် မြန်မာနိုင်ငံဒေသ အနှံ့ အပြားတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ အာဟာရ တန်ဖိုးမြင့်မားခြင်းတို့ကြောင့် မွေးမြူရေး တောင်သူများ စိုက်ပျိုးရန် နှစ်သက်သော မြက်မျိုးဖြစ်သည်။

နေပီယာမြက်မျိုးကို စတင်စိုက်ပျိုး ချိန်မှ ရက် ၉၀ ခန့်တွင် ရိတ်သိမ်းနိုင်ပြီး တစ်နှစ်လျှင် ငါးကြိမ်ခန့် ရိတ်သိမ်းနိုင်ခြင်း ဖြင့် တစ်ဧကလျှင် တန် ၁၀၀ ခန့် ထွက်ရှိ နိုင်သည်။ တစ်ခါစိုက်ပျိုးပြီးပါက ရှစ်နှစ်ခန့် ဆက်လက်ရိတ်သိမ်းနိုင်ပြီး မြေ ၁၀ ဧက စိုက်ပျိုးထားပါက နွားကောင်ရေ ၁၀၀ မှ ၁၅၀ အထိ မွေးမြူထားသောခြံအတွက် အစာလိုအပ်ချက်ကို ပြည့်နှိုင်ပမည်ဖြစ်သည်။

ထို့အတူ မွန်းဘားဆားမြက်မျိုးသည် လည်း အပင်ဖြစ်နှုန်းမြန်ခြင်း၊ အရွက်များ ခြင်း၊ အကြမ်းခံခြင်း၊ အထွက်နှုန်းကောင်း ခြင်းတို့ကြောင့် တောင်သူများ စိုက်ပျိုးရန် နှစ်သက်ကြပြီး မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်၊ ဧရာဝတီ၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးကြသည်။

အလားတူ Mulato II Grass, Paspalum Atratum Grass, Splenda Setaria Grass, Pangola, Puzu Grass, Para Grass စသည့်မြက်မျိုးများ၊ ပဲမျိုးနွယ် ပင်များနှင့် နွားစာပြောင်းမျိုးကို လည်း တိရစ္ဆာန်အစာအဖြစ် ဒေသအလိုက် ဖြစ်ထွန်းမှုအပေါ် မူတည်၍ စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံတွင် နေပီယာနှင့် မွန်ဘားဆားမြက်မျိုးများကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် စာရင်းဇယားများအရ ပုဂ္ဂလိက ကဏ္ဍမှ ၂၂၅၆ ဧက၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ၁၅၇ ဒသမ ၄၁ ဧက၊ အခြား ဌာနမှ ၁၆၅ ဒသမ ၇၄၀ ဧက စုစုပေါင်း ၂၅၇၉ ဒသမ ၃၇၇ ဧက စိုက်ပျိုးထားရှိ ကြောင်း သိရသည်။

တိရစ္ဆာန်အစာပင်စိုက်ပျိုးမှုနှင့် ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနနှင့် နယူးဇီလန်နိုင်ငံအစိုးရတို့ ပူးပေါင်း ဆောင်ရွက်သော မြန်မာ–နယူးဇီလန် ကောင်းမွန်သော နို့စားနွားမွေးမြူမှု ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းမှ မြက်ကိုးမျိုး၊ ပဲမျိုးနွယ် ၁၀ မျိုးနှင့် ရာသီအလိုက် စိုက်ပျိုး နိုင်သည့် နွားစာပင်သုံးမျိုးတို့ကို သုတေသန ပြုလုပ်ထားကြောင်း သိရသည်။

တိရစ္ဆာန်အစာ၏ အရည်အသွေး၊ ကျွေးမွေးမည့်ပမာဏနှင့် ကျွေးမွေးသည့် နည်းစနစ်တို့သည် တိရစ္ဆာန်ကြီးထွားနှုန်း၊ ကျန်းမာရေးနှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ (အသား၊ နို့)စသည်တို့အပေါ် များစွာ လွှမ်းမိုးလျက်ရှိသည်။ တိရစ္ဆာန်၏ အသက် အရွယ်နှင့် ဇီဝကမ္မဖြစ်စဉ်အလိုက် လိုအပ် သော အာဟာရတန်ဖိုးများ ပါဝင်သည့်အစာ ကို အလေအလွင့်မရှိဘဲ ကျွေးမွေးခြင်းသည် မွေးမြူရေးလုပ်ငန်းတစ်ခုအောင်မြင်ရန် အတွက် အဓိကသော့ချက်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးနည်း၊ ထိန်းသိမ်း ပြုပြင်နည်း၊ ရိတ်သိမ်းကျွေးမွေးနည်း၊ သိုလှောင် သိမ်းဆည်းနည်းစနစ်များ၊ မြက်ချဉ်ဖတ်ပြုလုပ်နည်းများကို လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက် သွားမည် ဖြစ်သည်။

"တိရစ္ဆာန်စားပင်စိုက်ပျိုးတဲ့အခါမှာ တစ်ရာသီမှာ စိုက်ပျိုးလို့ အများကြီးရသွား ပြီဆိုရင် ဒီတစ်ရာသီနဲ့တင် ကျွေးလို့မကုန် ပါဘူး၊ ဒီဟာကို သိမ်းဆည်းထားဖို့ လိုအပ် တယ်၊ သိမ်းထားဖို့လိုတဲ့ဟာကို ဘယ်လို သိမ်းထားမလဲဆိုတဲ့အခါ အချဉ်လုပ်ပြီး သိမ်း ထားဖို့လိုတယ်၊ ချဉ်ဖတ်ကတော့ အမျိုးမျိုး ရှိတယ်၊ ကြာရှည်ထားလို့ရတဲ့ ချဉ်ဖတ်နဲ့ ရက်တိုထားလို့ရတဲ့ ချဉ်ဖတ်ဆိုပြီး ရှိတယ်၊ သာမန်အားဖြင့် သုံးလ၊ လေးလ ခံပြီးတော့ သေသေချာချာလုပ်ရင်တော့ လေးနှစ်၊ ငါးနှစ် အထိ အထားခံပါတယ်။ ဒီသင်တန်းမှာတော့ ကြာရှည်ထားလို့ရတဲ့ ချဉ်ဖတ်ပြုလုပ်နည်းကို သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ တောင်သူ တွေစိုက်ပျိုးတဲ့ မြက်ချဉ်ဖတ်၊ ပြောင်းချဉ်ဖတ် စသဖြင့် အမျိုးမျိုးပေါ့"ဟု မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

တိရစ္ဆာန်အစာအတွက် မြက်အစို (သို့မဟုတ်) နွားစာပင်အစိုကို နုပ်နုပ်စဉ်း၍ ချဉ်ဖတ်ကျင်း (သို့မဟုတ်) အိတ်အတွင်း တွင် စနစ်တကျ လေလုံအောင်ဖိသိပ်ကာ အစာချဉ်ဖတ် အနေနှင့် ပေးနိုင်ပြီးသားသုခဈေးတွင် ရင်းနှီးမြှုပ်နှံလျှင် ခုနှစ်နှစ်၊ အသင့် အတင့်ဖွံ့ဖြိုးသောဈေးတွင် ရင်းနှီးမြှုပ်နှံ လျှင် ငါးနှစ်နှင့် ဖွံ့ဖြိုးသောဈေးတွင် ရင်းနှီးမြှုပ်နှံလျှင် သုံးနှစ် ဝင်ငွေခွန် သက်သာခွင့်များ ခံစားရမည်ဖြစ် ကြောင်း သိရသည်။**ဇော်လင်းထွန်း**

စာ–၄ ရန်ကုန်တိုင်းမှ

ကုန်ချောပို့နိုင်အောင် ဆောင်ရွက် ရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက် နိုင်ဖို့အတွက် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိတဲ့ ရင်းနှီး မြှုပ်နှံမှုတွေကို လက်ခံသွားမှာ ဖြစ်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်က ပြောကြားသည်။

၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ တွင် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း ကို မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ နှင့် ဖက်စပ်ဆောင်ရွက်မရမည့်လုပ်ငန်း အဖြစ် ကန့်သတ်ထားရှိရာမှ ၂၀၁၆ ခုနှစ်တွင် နိုင်ငံခြားသား ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံခွင့်ပြုသည့်လုပ်ငန်း အဖြစ် ခွင့်ပြုခဲ့သည်။

စီးပွားရေးနှင့်ကူးသန်း ရောင်း ဝယ်ရေးဝန်ကြီးဌာနကလည်း ၂၀၁၉ ခုနှစ်တွင် နိုင်ငံခြားကုမ္ပဏီ များနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီ များအား ပြည်တွင်းတွင် ထုတ်လုပ် သော အားလုံးများကို မျိုးစေ့ဥပဒေ နှင့်အညီ ပြည်ပသို့ တင်ပို့ခွင့်ပြု ခဲ့ကြောင်း သိရသည်။

"စိုက်ပျိုးထုတ်လုပ်ရေးမှာ ပြည်ပက ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ပြည်တွင်းလုပ်ငန်းရှင်က ၂၀ ရာခိုင် နှုန်းနဲ့ ပြည်ပလုပ်ငန်းရှင်က ၈၀ ရာခိုင်နှုန်းလုပ်ပိုင်ခွင့်ရရှိမှာဖြစ်ပါ တယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ပိုလုပ်ဖို့ အတွက်လည်း ဖြေလျှော့မှုတွေ လုပ်ပေးဖို့ ကျွန်တော်တို့အနေနဲ့ စိစဉ်နေပါတယ်"ဟု ညွှန်ကြား ရေးမှူး ဦးမျိုးခိုင်က ပြောသည်။

ပြည်ပရင်းနှီးမြှုပ်နှံသူများ အနေနှင့် မဖွံ့ဖြိုးသေးသောဈေးတွင် ရင်းနှီးမြှုပ်နှံလျှင် ခုနှစ်နှစ်၊ အသင့် အတင့်ဖွံ့ဖြိုးသောဈေးတွင် ရင်းနှီးမြှုပ်နှံ လျှင် ငါးနှစ်နှင့် ဖွံ့ဖြိုးသောဈေးတွင် ရင်းနှီးမြှုပ်နှံလျှင် သုံးနှစ် ဝင်ငွေခွန် သက်သာခွင့်များ ခံစားရမည်ဖြစ် ကြောင်း သိရသည်။**ဇော်လင်းထွန်း**

ကိုဗစ် -၁၉ ကာလ လာအိုနိုင်ငံ ပြည်ပပို့ကုန်များနှင့် ငှက်ပျောတင်ပို့မှု

ဇကရီဝင်း-----------

လာအိုနိုင်ငံ စိုက်ပျိုးရေးပို့ကုန်အများအနက် ငှက်ပျောသည် ဝင်ငွေအများဆုံးသီးနှံဖြစ်သည်။ ကိုဗစ် -၁၉ ကြောင့် ကုန်သွယ်ရေးကန့်သတ်ချက်များရှိနေသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် စိုက်ပျိုးရေးထွက်ကုန် စုစုပေါင်းတင်ပို့မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ ရှိခဲ့သည်။

လာအိုနိုင်ငံက အိမ်နီးချင်း တရုတ်နှင့်ထိုင်းနိုင်ငံသို့ ၂၀၂၀ ပြည့် နှစ်က ငှက်ပျောတင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၇ သမ ၄ သန်းအထိ မြင့်တက်ခဲ့သည်။

လာအိုနိုင်ငံ ငှက်ပျောသီး တင်ပို့မှုမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၂ သန်း၊ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၇ သမ ၈ သန်းအထိ မြင့်တက်ခဲ့သည်။

ငှက်ပျောစိုက်ခင်းများကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးလျက်ရှိသောကြောင့် ငှက်ပျောပို့ကုန်ပမာဏမြင့်တက်ခဲ့ခြင်းဖြစ်သည်။

သို့သော် အစိုးရက စိုက်ခင်းသစ်များ တိုးချဲ့လုပ်ကိုင်ခွင့်ချပေးမှုကို ရပ်ဆိုင်းလိုက်ပြီး စည်းကမ်းဖောက်ဖျက်သောကုမ္ပဏီများနှင့် သဘောတူညီမှုများ ရပ်ဆိုင်းခဲ့သောကြောင့် ငှက်ပျောစိုက်ပျိုးမှုတွင် ရင်းနှီးမြှုပ်နှံသူများ နည်းပါးသွားခဲ့သည်။

ငှက်ပျောစိုက်ပျိုးထုတ်လုပ်မှုတွင် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ နှင့်အညီ လုပ်ဆောင်သင့်ကြောင်း နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်း စိုပြည်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မူဝါဒများ ချမှတ်သင့်ကြောင်း လာအို အစိုးရက ပြောကြားသည်။

လာအိုနိုင်ငံ၏ အခြားအဓိကပို့ကုန်များမှာ ပီလောပီန်၊ မြေဩဇာ၊ ကော်ဖီစေ့၊ ဖရဲ၊ စပျစ်၊ မန်ကျည်း၊ ရောက်ချိုသီးနှင့်ဆန်တို့ ဖြစ်ကြသည်။

လာအိုနိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ခြင်းမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၆၀၀၊ ၂၀၁၉ ခုနှစ်တွင် ၇၅၀ ဒသမ ၈ သန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၉၄၃ သန်း ရရှိခဲ့ပြီး ငှက်ပျောထုတ်ကုန် ၈၀ ရာခိုင်နှုန်းကို တရုတ်သို့ တင်ပို့ခဲ့သည်။



လာအိုနိုင်ငံသည် တရုတ်သို့ ကုန်ပစ္စည်းများ ရောင်းချရန် ပထမဦးစားပေးသီးနှံများအဖြစ် ကန့်စွန်းဉ၊ ဆေးရွက်ကြီး၊ ပိန္နဲကြီး၊ ပဲပုပ်၊ ပဲစိမ်း၊ မြေပဲ၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်နှင့်ဖရဲသီးတို့ဖြစ်ကြပြီး ဒုတိယဦးစားပေးအဖြစ် လက်ဖက်၊ ဆတ်၊ ရော်ဘာ၊ ဖရဲသီး၊ ကြို၊ သံပရာ၊ နာနတ်သီး၊ အုန်းသီး၊ သင်္ဘောသီး၊ မာလကာသီး၊ ကြက်မောက်သီး၊ ပြောင်းချိန့်ပြောင်းများ ကိုအဆိပ်သင့်စေနိုင်သည့်အတွက် ငါးအဆိပ်သင့်ဆေး ပြုလုပ်ရာတွင် အသုံးပြုကြ၏။

➢ ပုန်းညက်အစေ့မှ fatty acid methyl esters ကို ထုတ်လုပ်ရရှိနိုင်ပြီး ယင်းကို ဇီဝဒီဇယ်အဖြစ် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပယူနီယံတို့တွင် အသုံးပြုကြ၏။

တစ်ပိုင်တစ်နိုင် ပရဆေးဥယျာဉ်ပန်းတီး

ပုန်းညက်ပင်၏ မျက်စိပသာဒ ဖြစ်စေသည့် အရွက်နှင့် ပန်းပွင့်၏လှပသော အဆင်းနှင့် မွေးပျံ့သော သင်းရနံ့တို့ကြောင့် အလှစိုက်ပျိုးနိုင်သည့်အပြင် မိမိအိမ်ခြံဝင်းအတွက် တစ်ပိုင်တစ်နိုင် ပရဆေးဥယျာဉ်လေးအဖြစ်လည်း ဖန်တီးစိုက်ပျိုးနိုင်၏။

သတိပြုရမည်အချက်

ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ ဖာလာစေ့တို့တင်ပို့ရန် လျာထားသည်။

လာအိုအစိုးရသည်စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးမြှင့်တင်၍ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် ကဏ္ဍအမျိုးမျိုးမှ စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လာအိုနိုင်ငံသည် စက်မှုထုတ်ကုန်များတင်ပို့ခြင်းမှ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံနီးပါးရရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံအထိ ကျဆင်းခဲ့သော်လည်း၊ အဓိကတင်ရွေ့ရရှိခဲ့သည့် ထုတ်ကုန်မှာ သစ်သားပျော့ဖတ် ဖြစ်ပြီး ရော်ဘာ၊ အချိုရည်များ၊ အဝတ်အထည်များ၊ ကင်မရာ ဆက်စပ်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းကိရိယာများမှ ဒုတိယဝင်ငွေ အများဆုံးရရှိခဲ့သည်။ ■

စာ-၁၃ ပုန်းညက်ပင်မှ

ဆောက်ရာတွင် အသုံးပြုကြ၏။ ပစိဖိတ်ကျွန်းသားများက ရိုးရာကနူးလေ့ ပြုလုပ်ရာတွင် Bread fruit (Artocarpus altilis) အပင်၏အသားနှင့်အတူ ရောစပ်ကာ ပြုလုပ်ကြ၏။ ထို့ပြင် နာမည်ကျော်ဂီတာ acoustic guitar ပြုလုပ်ရာတွင် ပုန်းညက် ပင်စည်အသားကိုပါ ထည့်သွင်းအသုံးခဲ့ကြ၏။

➢ ပုန်းညက်ပန်းပင်၏အစေးကို Samoa လူမျိုးကမူ အဆိပ်လူးမြှားပြုလုပ်သည့်အခါ အသုံးပြုကြ၏။

➢ ပုန်းညက်သီးနုကို စားသုံးရန် သင့်လျော်သော်လည်း အသီးရင့်ကိုမူ စားသုံးရန် မသင့်လျော်ပေ။ ရင့်မှည့်နေပြီ ဖြစ်သည့် ပုန်းညက်သီးသည် အဆိပ်သင့်စေနိုင်သည့် အတွက် ကြက်သတ်ဆေးပြုလုပ်ရာတွင် အသုံးပြုကြ၏။

➢ ပုန်းညက်ရွက်တွင်ပါဝင်သည့် ကွန်ပေါင်းတစ်မျိုးသည် ငါးများကိုအဆိပ်သင့်စေနိုင်သည့်အတွက် ငါးအဆိပ်သင့်ဆေး ပြုလုပ်ရာတွင် အသုံးပြုကြ၏။

➢ ပုန်းညက်အစေ့မှ fatty acid methyl esters ကို ထုတ်လုပ်ရရှိနိုင်ပြီး ယင်းကို ဇီဝဒီဇယ်အဖြစ် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပယူနီယံတို့တွင် အသုံးပြုကြ၏။

တစ်ပိုင်တစ်နိုင် ပရဆေးဥယျာဉ်ပန်းတီး

ပုန်းညက်ပင်၏ မျက်စိပသာဒ ဖြစ်စေသည့် အရွက်နှင့် ပန်းပွင့်၏လှပသော အဆင်းနှင့် မွေးပျံ့သော သင်းရနံ့တို့ကြောင့် အလှစိုက်ပျိုးနိုင်သည့်အပြင် မိမိအိမ်ခြံဝင်းအတွက် တစ်ပိုင်တစ်နိုင် ပရဆေးဥယျာဉ်လေးအဖြစ်လည်း ဖန်တီးစိုက်ပျိုးနိုင်၏။

သတိပြုရမည်အချက်

ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ အတွက် ပုန်းညက်ပင်၏ ဆေးဖက်ဝင်အသုံးကို လုံလောက်သည့် သုတေသနပြုထားခြင်း မရှိသေးပေ။ ပုန်းညက်ဆီသည် အစေ့အဆန်မှ ထုတ်လုပ်ထားသည့် အတွက် အစေ့အဆန်နှင့် ဓာတ်မတည့်သူများအနေဖြင့် သုံးစွဲရန် မသင့်တော်လှပေ။

ပုန်းညက်ပင်ကို အခြေခံသည့် ပရဆေးများကို အသုံးပြုမည်ဆိုပါက **တန်ဆေးလွန်ဘေး၊ အစာလည်းဆေး၊ ဆေးလည်း အစာ** ဆိုသည့်စကားအရ သင့်တင့်လျောက်ပတ်သည့် ပမာဏအတိုင်း ချင့်ချိန်သုံးစွဲနိုင်သကဲ့သို့ တတ်ကျွမ်းနားလည်သည့် ပညာရှင်များ၏ ညွှန်ကြားချက်အတိုင်း အသုံးပြုသင့်၏။

ကြေးမုံ ၀ယ်

စာ – ၁၅ အပင်လောက မှ

တစ်ခါတစ်ရံ လမ်းဘေးအပင်များတွင် ရွှေနွယ်ပင် Cuscutare flexa များ တွယ်ကပ်ပြီး ပေါက်ရောက်မှု တွေ့ဖူးကြပါလိမ့်မည်။ ရွှေနွယ်ပင်များမှာ နွယ်တက်သော အပင်မျိုး၊ အရွက်မရှိ၊ အကိုင်းအခက်များ ရှုပ်ယှက်ခတ်၊ ရစ်ခွေပတ်၍ ကပ်ပါးကျသော အပင်မျိုးဖြစ်သည်။ အဝါရောင် စိမ်းဝါရောင် နွယ်များက မူလသစ်ပင်ရွက်အုတ်များအပေါ် တစ်ခုအပေါ်တစ်ခု ထပ်၍ ရစ်ခွေနေကြသည်။

အချို့က ဆေးဘက်ဝင်သည်ဆိုပြီး ပရဆေးသုံးကြသည်။ ရွှေနွယ်ပင်သည် မြေကြီးပေါ်အစေ့မှ အပင်စတင်ပေါက်ပြီး မကြာခင်ထွက်လာသောအမြစ်မှာ သေသွားတတ်သည့် အပင်မျိုးဖြစ်၍ မသေခင် နီးကပ်ရာ အပင်ပေါ်တွယ်ကပ်တက်ရောက် ရှင်သန်သွားသည့် ကပ်ပါးပင်မျိုး ဖြစ်ကြသည်။ ကပ်ပါးကျခံရသောအပင်သေသည် အထိ သတ်နိုင်သော အပင်မျိုးဖြစ်သည်။

စန္ဒကူးပင်၏အနံ့သည် မွေးပြီး အဆီထုတ်ယူသော အဖိုးတန်အပင်မျိုးဖြစ်၍ စိုက်ပျိုးကြလေ့ရှိသည်။ စန္ဒကူးပင်မှာလည်း ကပ်ပါးပင်မျိုးဖြစ်ပါသည်။ စန္ဒကူးပင်မှ လိုသောအစာ၊ လိုသောရေရရှိရန် ကပ်ပါးပြုခံ့ရသောအပင် အနီးအနားမှာရှိမှ စန္ဒကူးပင် ရှင်သန်ကြီးထွားသည်။ တစ်နည်းအားဖြင့် စန္ဒကူးပင်ကို ဇည့်ခံပေးမည့်အပင် ရှိမှု၊ ဇည့်ခံပင်၏ အမြစ်များနှင့် စန္ဒကူးပင်၏အမြစ်များ ထွေးရောယှက်တင် ပူးကပ်ထိတွေ့ပြီး ဇည့်ခံပင်၏ အမြစ်မှရေအစာ ကပ်ပါးပြုမိခိုရသဖြင့် စန္ဒကူးပင်စိုက်လျှင် ဇည့်ခံပင်တစ်မျိုးမျိုးနှင့် ယှဉ်တွဲစိုက်ကြရမှ အောင်မြင်ပါသည်။ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ထဲမှ ယာခင်းများမှာ စန္ဒကူးပင်စိုက်ကြလျှင် ပဲစင်းငုပင်နှင့်ရောပြီး သီးညှပ်စိုက်ကြလေ့ရှိသည်။ ပဲစင်းငုမှာ စန္ဒကူးပင်အတွက် ဇည့်ခံပင်ဖြစ်သည်။

အပင်လောကကို လေ့လာကြရင်း စိတ်ဝင်စားစရာများ တွေ့ကြရသည်။ တစ်ပင်ကိုတစ်ပင်က နှိပ်စက်သောအပင် စီးပိုးပင်၊ ကပ်ပါးပင်များရှိသကဲ့သို့ တစ်ပင်ကို တစ်ပင်အထောက်အကူ အကျိုးပြုသည့် အပင်များလည်း ရှိကြပါသည်။ ဤသို့သော အပင်များသည် တစ်ပင်ထီးတည်း မပေါက်ကြဘဲ အခြားသောအပင်များနှင့် ယှဉ်တွဲပေါက်ရောက်လေ့ ရှိကြသည်။

သို့ဖြစ်၍ ရက္ခဗေဒပညာရှင်များက အပင်လောကတွင် တစ်ပင်နှင့်တစ်ပင် ဆက်စပ်မှုရှိသည့် အပင်တွေအကြောင်း လေ့လာကြရာမှ အခြားတစ်ပင်က ရေ၊ အစာ၊ အလင်းရောင်၊ လေလုယူတတ်သည့်အပင်အများစုသည် ပန်းပွင့်တတ်သော အပင်များဖြစ်ကြသည်ဟု သုံးသပ်ကြသည်။ ပန်းပွင့်သည့်အပင်များသည် ပန်းမပွင့်သည့် အပင်များထက် ပို၍လုယူမှုများသည်။ တစ်ပင်နှင့်တစ်ပင် မတည့်သောအပင်များ လည်း ရှိကြပါသေးသည်။ နောင်တွင် ဆက်လက်ဖော်ပြပေးပါမည်။

ဘုန်းမြတ်

နိုင်ငံအလိုက် အာလူးတင်ပို့မှု အခြေအနေ

ဇကရီဝင်း

ကမ္ဘာ့တစ်ဝန်းနိုင်ငံ အလိုက် အာလူးတင်ပို့မှုမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံ ရရှိခဲ့သည်။ နိုင်ငံတကာသို့ ပြုပြင်ထုတ်ပိုးထားသော အာလူးများ တင်ပို့ရောင်းချမှုမှလည်း ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံရရှိခဲ့သည်။

၂၀၁၆ ခုနှစ်မှစ၍ အာလူးတင်ပို့နိုင်ငံများ အားလုံးအတွက် အာလူးကုန်ကြမ်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ လေးဘီလီယံ တင်ပို့နိုင်ခဲ့ပြီး အာလူးကုန်ကြမ်း တင်ပို့မှုမှာ ပျမ်းမျှ ၆ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးချဲ့တင်ပို့နိုင်ခဲ့သည်။ ငါးနှစ်တာကာလအတွင်း အာလူးချောင်းကြော်အပါအဝင် ပြုပြင်ထုတ်ပိုးထားသော အာလူး တင်ပို့မှုမှာ စုစုပေါင်း ၇ ဒသမ ၂ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ အာလူးကုန်ကြမ်းတင်ပို့မှုမှာ ၁၅ ဒသမ ၁ ရာခိုင်နှုန်းအောက်သို့ ကျဆင်းလာခဲ့ သည်။ ပြုပြင်ထုတ်ပိုးထားသော အာလူးများ နှစ်စဉ်တင်ပို့မှုမှာလည်း စုစုပေါင်း တန်ဖိုး ၉ ဒသမ ၇ ရာခိုင်နှုန်း အောက်သို့ ကျဆင်းလာသည်။

အာလူးကုန်ကြမ်းများ သုတေသနပြုရန် ရည်ရွယ်၍ ဂဏန်းလေးလုံးပါ Harmonized Tariff System code မှာ 0701 ဖြစ်သည်။ အာလူးချောင်းကြော်အပါအဝင် အအေးခံပြုပြင်ထုတ်ပိုးထားသော အာလူးများအတွက် ဂဏန်းခြောက်လုံးပါ code မှာ 200410 ဖြစ်ပြီး vinegar (သို့မဟုတ်) acetic acid တို့ဖြင့် ပြုလုပ်ပြီး အေးခဲခြင်းမရှိဘဲ ပြုပြင်ထုတ်ပိုးထားသော အာလူးများ အတွက် code 200520 တို့ ဖြစ်သည်။

နိုင်ငံအလိုက် အာလူးကုန်ကြမ်းတင်ပို့မှု

၂၀၂၀ ပြည့်နှစ်အတွင်း ပြုပြင်ထုတ်ပိုးထားခြင်းမရှိသည့် အာလူးကုန်ကြမ်းတင်ပို့မှု အမြင့်ဆုံး တန်ဖိုးရရှိခဲ့သည့် နိုင်ငံများတွင် နယ်သာလန်က ဒေါ်လာသန်း ၈၅၅ ဒသမ ၉ ရာခိုင်နှုန်း၊ ပြင်သစ်က ဒေါ်လာသန်း ၆၈၄ ဒသမ ၃ ရာခိုင်နှုန်း၊ ဂျာမနီက ဒေါ်လာသန်း ၃၇၂ ဒသမ ၅ ရာခိုင်နှုန်း၊ ကနေဒါက ဒေါ်လာသန်း ၂၉၅ ဒသမ ၉ ရာခိုင်နှုန်း၊ တရုတ်က ဒေါ်လာသန်း ၂၈၉ ဒသမ ၇ ရာခိုင်နှုန်း၊ အမေရိကန်က ဒေါ်လာသန်း ၂၄၄ ဒသမ ၅ ရာခိုင်နှုန်း၊ ဘယ်လ်ဂျီယမ် ဒေါ်လာသန်း ၂၂၅ ဒသမ ၂ ရာခိုင်နှုန်း၊ ဩစတြေးလျှားက ဒေါ်လာသန်း ၁၅ ဒသမ ၅ ရာခိုင်နှုန်းတို့ ဖြစ်ကြသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ပြုပြင်ထုတ်ပိုးထားခြင်းမရှိသည့် အာလူးကုန်ကြမ်းတင်ပို့မှု အမြင့်ဆုံးတန်ဖိုးရရှိခဲ့သည့် နိုင်ငံများမှာ တူရကီ၊ အိန္ဒိယ၊ ပိုလန်၊ နယ်သာလန်၊ ပြင်သစ်၊ အမေရိကန်၊ ဩစတြေးယား၊ အင်္ဂလန်၊ ဂျာမနီ၊ ကနေဒါ၊ အာဂျင်တီးနား၊ စပိန်၊ ရုရှားနှင့် အီဂျစ်တို့ဖြစ်ကြပြီး ၂၀၂၀ ပြည့်နှစ်အတွင်း အေးခဲနှင့် အေးခဲထားခြင်းမရှိသည့် ပြုပြင် ထုပ်ပိုးထားသော အာလူး ၉၁ ဒသမ ၉ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့သည်။

အဆိုပါနိုင်ငံများအကြား အေးခဲပြုပြင်ထုပ်ပိုးထားသော အာလူး တင်ပို့မှုမှာ နယ်သာလန်မှ ၆၇ ဒသမ ၅ ရာခိုင်နှုန်းကျော်၊ အင်္ဂလန်မှ ၆ ဒသမ ၂ ရာခိုင်နှုန်း အထက်၊ ပိုလန်မှ ၃ ရာခိုင်နှုန်းကျော် အသီးသီးတိုးမြင့်တင်ပို့ခဲ့သည်။ သို့သော်လည်း ရုရှားမှ ၇၀ ဒသမ ၂ ရာခိုင်နှုန်းအောက်၊ စပိန်မှ ၆၃ ရာခိုင်နှုန်းအောက်၊ အီဂျစ်မှ ၅၆ ဒသမ ၄ ရာခိုင်နှုန်းအောက်၊ အမေရိကန်မှ ၂၈ ဒသမ ၈ ရာခိုင်နှုန်းအောက်နှင့် အာဂျင်တီးနားမှ ၂၆ ဒသမ ၂ ရာခိုင်နှုန်း အောက် အသီးသီးတင်ပို့မှု ကျဆင်းသွားခဲ့သည်။ ■

၂၀၁၉ ခုနှစ်မှ ၂၀၂၀ ခုနှစ် အထိ အာလူးကုန်ကြမ်းတင်ပို့မှုမှာ ၁၅ ဒသမ ၁ ရာခိုင်နှုန်းအောက်သို့ ကျဆင်းလာခဲ့သည်။ ပြုပြင်ထုပ်ပိုးထားသော အာလူးများ နှစ်စဉ်တင်ပို့မှုမှာလည်း စုစုပေါင်း တန်ဖိုး ၉ ဒသမ ၇ ရာခိုင်နှုန်း အောက်သို့ ကျဆင်းလာသည်။

ရွှေဖုံ – မြေဆီလွှာ မှ

သနင္ဓာနရှိ စိုက်ကွင်းများတွင် စိုက်ပျိုးထားသော သစ်စိမ်းမြေဩဇာ ပင်များကို စက်ကိရိယာများဖြင့် လက်တွေ့ရိတ်သိမ်းထည့်သွင်းပြသသည်။

သစ်စိမ်းမြေဩဇာ ထည့်သွင်းခြင်းဖြင့် မြေဆီလွှာ အတွင်းရှိ အစိုဓာတ်ကို ထိန်းသိမ်းပေးသည်သာမက သစ်ဆွေးဓာတ်ကိုလည်း တိုးတက်စေခြင်း၊ လေထုထဲမှ နိုက်ထရိုဂျင်ကို မမ်းယူပေးပြီး သီးနှံ အထွက်နှုန်းတိုးတက်ကောင်းမွန်စေခြင်း၊ မြေဆီလွှာ အတွင်းရှိ အပင်အာဟာရဓာတ်များအား မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးခြင်းမှကာကွယ်ပေးခြင်း၊ မြေဆီလွှာတိုက်စားမှုကို လျော့ကျစေမည်ဖြစ်သည်။

ထို့ပြင် မြစ်ဖုန်မတုတ်ဦးရေကိုလည်း လျော့နည်းစေခြင်း၊ အချို့ဒေသများတွင် လေကာတန်းအဖြစ် အသုံးပြု၍ မြေ၊ ရေတိုက်စားခြင်းကို ကာကွယ်ပေးခြင်း၊ အတော်အသင့် ခြောက်သွေ့ဒဏ်ခံနိုင်၍ အပူပိုင်းဒေသရှိ မြေညံ့များတွင် စိုက်ပျိုးပြီး ထွန်ယက်မြေမြှုပ်ပေးပါက မြေဆီအရည်အသွေးကို တိုးတက်စေကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်ပေးခြင်း အားဖြင့် တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကစက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူများအနေဖြင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်နိုင်ခြင်းနှင့် စနစ်တကျထိန်းသိမ်းတတ်ခြင်း၊ လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားရှားပါးမှုပြဿနာများကိုလည်း ဖြေရှင်းနိုင်ပြီး စက်စွမ်းအားပြည့်အသုံးချဆောင်ရွက်နိုင်မည်ဖြစ်ခြင်းတို့ကြောင့် စက်မှုလယ်ယာမွမ်းမြင့်ကိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုစေမည်ဖြစ်သည်။

စိုက်/သု

ရန်ကုန် စျေးကွက်

ဆန်

အဝယ်များသောဝစိန်ဆန် နှင့်ဇည့်မထဆန်များမှာ နယ်စပ်ဂိုက်များသို့ ကုန်စည်စီးဆင်းမှုခက်ခဲလာ၍ အရောင်းအဝယ်အေးလျက်ရှိသည်။

အိန္ဒိယ၊ ထိုင်းနှင့်ဗီယက်နမ် နိုင်ငံများ၏ ဆန်ဖို့ကုန်စျေးနှုန်းများလည်း ကျဆင်းကာ အရောင်းအဝယ်အေးလျက်ရှိသည်။ ပြည်တွင်းစားသုံးမှုများသော ဆန်များမှာ ဝယ်လိုအားနည်းသော်လည်း ဆန်လက်ကျန် နည်းလာ၍ စျေးနှုန်းမြင့်နေသည်။

ဆန်များကို တရုတ်၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ အများဆုံးတင်ပို့ပြီး ဆန်ကွဲများကို တရုတ်၊ အင်ဒိုနီးရှား၊ ဘယ်လင်ဂျီယံ၊ ဆီနီဂေါနှင့် နယ်သာလန်နိုင်ငံများသို့ အများဆုံး တင်ပို့သည်။

ရန်ကုန်သို့ ဖျာပုံ၊ ဓော်ကျွန်း၊ ဘိုကလေး၊ ဒေးဒဂဲ၊ ကွမ်းခြံကုန်း၊ ဝါးခယမ၊ ကော့မှျား၊ တွံတေး၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေတိုတို့မှ ဆန်အင်နည်းသည်။ ■

အစေ့ထုတ်ပြောင်း

တရုတ်နိုင်ငံတို့တွင် အစေ့ထုတ်ပြောင်း ဝယ်လိုအားမြင့်နေ၍ နယ်စပ်စျေးများမြင့် လာသည်။ ထိုင်းနှင့်တရုတ်နိုင်ငံ ငွေစျေးများ မြင့်နေခြင်း၊ ပြည်တွင်းပြောင်းလက်ကျန်နည်းလာခြင်း၊ တရုတ်နှင့် ထိုင်းက ပုံမှန်ဝယ်ယူခြင်း၊ မြဝတီနယ်စပ် ဂိတ်မှ ပုံမှန်တင်ပို့ခြင်း၊ ပြည်ပငွေလဲနှုန်းများ စျေးမြင့်နေဆဲဖြစ်ခြင်း၊ ပြည်တွင်းအစာစပ်လုပ်ငန်းများက ပုံမှန်ဝယ်ယူမှု ရှိခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်း စျေးနှုန်းမှာ ၅၄ ပိသာလျှင် မျိုမ်းမှ ၃၆၇၀ ကျပ် အဖြင့် စျေးဖြင့် အရောင်းအဝယ် ဖြစ်သည်။ ■

ပဲမျိုးစုံ

မတ်ပဲ (သင်္ဘောတင်)၊ ပဲစင်းငုံ (သင်္ဘောတင်)နှင့် ပဲတီစိမ်းများမှာ အဓိကဝယ်လက် အိန္ဒိယ နိုင်ငံက ပဲလိုအပ်ချက်များခြင်းနှင့် ပြောင်းလိုက်သောမူဝါဒများကြောင့် အိန္ဒိယနိုင်ငံသို့ ယခုနှစ် အောက်တိုဘာအထိ ပဲတင်သွင်းခွင့်ပြုထားကြောင်း သိရသည်။ အိန္ဒိယနိုင်ငံတွင် မြင့်တက်လာသော ပဲစျေးနှုန်းများ ထိန်းချုပ်ရန်နှင့် သို့လောင်ပဲလက်ကျန်ပမာဏ လျော့နည်းနေခြင်းကို ဖြည့်ဆီးရန် မြန်မာနိုင်ငံမှ နှစ်စဉ် မတ်ပဲတန်ချိန် ၂၅၀,၀၀၀၊ ပဲစင်းငုံတန်ချိန် ၁၀၀,၀၀၀၊ ငါးနှစ်ဝယ်ယူရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့သည်။ အိန္ဒိယ အစိုးရသည် မြန်မာ၊ မာလာဒီ၊ မိုဇမ्बိုနိုင်ငံသုံးနိုင်ငံနှင့် အစိုးရချင်းသဘောတူညီချက် နားလည်မှု စာချွန်လွှာ (MoU) အရ နောက် ငါးနှစ်တာကာလ မတ်ပဲ၊ ပဲစင်းငုံ စုစုပေါင်း တန်ချိန် ငါးသိန်းခွဲ တင်သွင်းရန် စီစဉ်ထားရှိပြီး ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင်း ပဲစျေးနှုန်းမြင့်မှုကို ထိန်းချုပ်ရန် အိန္ဒိယအစိုးရက ကြားဝင် ထိန်းပေးသည့်အနေဖြင့် အိန္ဒိယပြည်နယ် အချို့တွင် ဒေသအာဏာပိုင်များက ပြည်သူ့ရိက္ခာဆိုင်များမှတစ်ဆင့် ပဲများဖြန့်ဖြူးရောင်းချမှုများ ရှိလာပြီး နိုင်ငံတွင်းလက်လီ လက်ကားပဲရောင်းချသူများ (ပဲတီစိမ်းမှတစ်ပါး) ပဲသိုလှောင်ခွင့် ကန့်သတ်မှုများလည်း ရှိခဲ့သဖြင့် အိန္ဒိယကုန်သည်များက ပြည်ပ ပဲများကို ချိန်ဆဝယ်ယူနေကြသည်။ ထိုကန့်သတ်ချက်များက လက်လီ၊ လက်ကား၊ ပဲခွဲစက်နှင့် ပဲသွင်းကုန်သမားများသာမက တောင်သူနှင့်စားသုံးသူများအထိ အကျပ်အတည်းများ ဖြစ်ပေါ်စေနိုင်သောကြောင့် ရုပ်သိမ်းပေးရန် တောင်းဆိုမှုများ ရှိခဲ့သည်။

မြန်မာ၊ တန်ဇန်းနီးယား၊ ဆူဒန်နှင့်အီသီယိုးပီးယားနိုင်ငံများမှ ပဲဝင်းငုံများ အိန္ဒိယသို့ ပုံမှန်ဝင်ရောက်မှုရှိခြင်းကြောင့် အိန္ဒိယကုန်သည်များနှင့် ပဲခွဲစက်များက ပဲအဝယ်လျော့နည်းခဲ့သော်လည်း မြန်မာပြည်တွင်းခဲ့ လက်ကျန်နည်း နေချိန်ဖြစ်၍ စင်ကာပူဝယ်လက်များက ဝယ်ယူမှုရှိလာခြင်း၊ ပြည်ပငွေလဲနှုန်းမြင့်နေခြင်းတို့ကြောင့် ယခင်အပတ်ထက် ၁,ဝစဝ,ဝ၀၀ ကျပ်မှ ၁,၁၂,ဝ၀၀ ကျပ်သို့ စျေးမြင့်လာသည်။

ယခုရက်သတ္တပတ် ကုန်စည်ဒိုင်ဖွင့်ရက် ခြောက်ရက်တွင် ပဲစင်းငုံ (သင်္ဘောတင်) ကုန်သေတ္တာငါးလုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

မတ်ပဲအဓိကဝယ်လက် အိန္ဒိယနိုင်ငံတွင် ပြည်တွင်းစိုက်မတ်ပဲသစ်အချို့ စျေးကွက်သို့ ဝင်လာခြင်း၊ မြန်မာမတ်ပဲများ အိန္ဒိယသို့ ပုံမှန်ဝင်ရောက်လာခြင်း ကြောင့် အိန္ဒိယကုန်သည်များနှင့် ပဲခွဲစက်များက ပဲအဝယ်လျော့နည်းခဲ့သော်လည်း မြန်မာပြည်တွင်း၌ လက်ကျန်နည်း နေချိန်ဖြစ်၍ စင်ကာပူဝယ်လက်များက ဝယ်ယူမှုရှိလာခြင်း၊ ပြည်ပငွေလဲနှုန်းမြင့်နေခြင်းတို့ကြောင့် မတ်ပဲ (သင်္ဘောတင်) တစ်တန်လျှင် ၁,၈၀၁,ဝ၀၀ကျပ်မှ ၁,၃၃,ဝ၀၀ ကျပ်သို့ စျေးမြင့်သွားသည်။

ယခုတစ်ပတ် ကုန်စည်ဒိုင် ဖွင့်ရက် ခြောက်ရက်တွင် မတ်ပဲ (သင်္ဘောတင်) ကုန်သေတ္တာ အလုံး ၃၀ ခန့်သာ အရောင်းအဝယ် ဖြစ်ခဲ့သည်။ ပဲတီစိမ်းမှာ ပခုက္ကူ၊ ခရမ်း၊ ပဲခူး၊ ဝါးခယမမဒေသများမှ စျေးကွက်သို့ အင်နည်းသော်လည်း နယ်စျေးကွက်များတွင် အရည်အသွေးအရိမ့်စများခြင်းနှင့် ကိုဗစ်-၁၉ ဂယက်များကြောင့် နယ်စပ်ဂိုတ်များသို့ ကုန်စည် စီးဆင်းမှုနည်းခြင်း၊ ငွေကြေး လိုအပ်ချက်များကာ ရောင်းလိုအားများခြင်း၊ အရည်အသွေးအပေါ်မူတည်၍ စျေးပေးအဝယ်ရှိခြင်း တို့ကြောင့် ယခင်အပတ်ထက် သုံးတင်း ၆၀ ပိသာလျှင် ၁၂,၀၅၀ ကျပ်မှ ၁၁,၀၅၀ ကျပ်သို့ စျေးနှိမ့်ခဲ့သည်။

ပဲလွမ်းဖြူ၊ ပဲပုပ်နှင့် ထောပတ်ပဲအစိုက်နည်း၊ အထွက်နည်းသောပဲများဖြစ်ပြီး စျေးကွက်သို့ အင်နည်းသော်လည်း ပြည်ပဝယ်ယူမှုနည်းခြင်း၊ အရည်အသွေးအလိုက် စျေးပေးခြင်းတို့ကြောင့် ပဲလွမ်းဖြူမှာ ပျမ်းမျှအားဖြင့် သုံးတင်း ၆၀ ပိသာလျှင် ၁၃,၉၅၀ ကျပ်၊ ပဲပုပ်မှာ ပျမ်းမျှ အားဖြင့် သုံးတင်း ၆၀ ပိသာလျှင် ၉၀,၀၀၀ ကျပ် ဖြစ်သည်။ ထောပတ်ပဲမှာ ပျမ်းမျှ အားဖြင့် သုံးတင်း ၆၀ ပိသာလျှင် ၇၅,၇၅၀ ကျပ်ဖြင့်သာ အရောင်း အဝယ် ဖြစ်ခဲ့သည်။

ကုလားပဲနှင့် ဘိုကိတ်ပဲ စျေးနှုန်းများမှာ ပဲလက်ကျန်နည်းခြင်းနှင့် ပြည်တွင်း၊ ပြည်ပမှ ဝယ်လိုအားရှိခြင်းတို့ကြောင့် ယခင်အပတ်ထက် စျေးမြင့်ခဲ့သည်။ ကုလားပဲမှာ ပျမ်းမျှအားဖြင့် တစ်ပိသာလျှင် ယခင်အပတ် စျေးနှုန်း ၁,၅၂၈ ကျပ် မှ ၁,၇၁၅ ကျပ်သို့ စျေးမြင့်ခဲ့သည်။ ဘိုကိတ်ပဲ စျေးနှုန်းမှာ သုံးတင်း ၆၀ ပိသာလျှင် ၉၅,၁၀၀ ကျပ်မှ ၉၇,၅၀၀ ကျပ် ဖြစ်သည်။ ■

စပါးမျိုးကွဲအလိုက် စျေးနှုန်း(၄မပေါင်တင်း) ၈ - ၇ - ၂၀၂၁

ရွာ	အမျိုးအမည်	တောင်သူ ရောင်းစျေး	ဈေးကွက် ပေါက်စျေး
	ရန်ကုန်ဈေးကွက်		
၁။	သီးထပ်ရင်	၆၅၀	၇၀၀
၂။	မနောသာ	၆၀၀	၆၅၀
၃။	ကောက်သင်း	၇၅၀	၈၀၀
၄။	အင်းသွယ်လတ်	၆၀၀	၆၅၀
၅။	ရေပင်း	၇၀၀	၇၅၀
၆။	ပေါ်အမုန်း	၁၈၅၀	၁၁၀၀
၇။	ဟုံဘီအမုန်း	၇၀၀	၇၅၀
၈။	ညောပလ	၆၅၀	၇၀၀
၉။	ရွှေထွန်း	၆၅၀	၇၀၀
၁၀။	ရွှေသွယ်ရင်	၆၅၀	၇၀၀
၁၁။	ရက် ၉၀	၅၀၀	၅၅၀
၁၂။	မြိုင်း	၇၅၀	၈၀၀
	မန္တလေးဈေးကွက်		
၁။	ရေပင်း	၁၁၀၀	၁၁၅၀
၂။	မနောသာ	၆၀၀	၇၀၀
၃။	ရွှေသွယ်ရင်	၅၅၀	၇၅၀
၄။	ပေါ်အမုန်း	၁၃၀၀	၁၄၀၀
၅။	အင်းသာ	၆၅၀	၇၅၀
၆။	ရက် ၉၀	၅၀၀	၅၀၀
၇။	သီးထပ်ရင်	၆၀၀	၇၀၀
	ပဲခူးဈေးကွက်		
၁။	ရေပင်း	၁၁၀၀	၁၁၅၀
၂။	မနောသာ	၆၅၀	၇၀၀
၃။	ရွှေထွန်း	၆၀၀	၆ ၂၀
၄။	ရက် ၉၀	၆၃၀	၇၀၀
၅။	ပေါ်အမုန်း	၆၀၀	၇၀၀
၆။	တောင်ပျိုး	၇၉၀	၈၀၀
၇။	ငရုပ်	၆ ၂၀	၇ ၂၀
၈။	ရေပင်း	၅ ၂၀	၆ ၂၀
	နေပြည်တော်ဈေးကွက်		
၁။	မနောသာ	၅ ၂၀	၆ ၂၀
၂။	အင်းသာ	၅ ၂၀	၆ ၂၀
၃။	ထိုင်းနံကောက်	၆ ၂၀	၆ ၂၀
၄။	ရေပင်း	၉ ၂၀	၁ ၀ ၂ ၀
၅။	ပေါ်အမုန်းမွေး	၁ ၀ ၀ ၀	၁ ၂ ၀ ၀
	ရေဝတီ (ပုသိမ်)ဈေးကွက်		
၁။	အင်းသာ	၆ ၂၀	၆ ၅ ၀
၂။	မနောသာ	၆ ၂ ၀	၆ ၅ ၀
၃။	သီးထပ်ရင်	၆ ၀ ၀	၆ ၄ ၀
၄။	ရက် ၉၀	၆ ၂ ၀	၆ ၅ ၀
၅။	ပေါ်အမုန်း	၉ ၀ ၀	၁ ၀ ၂ ၀
၆။	ရေပင်း	၆ ၀ ၀	၆ ၂ ၀
	ကျောင် (မြစ်ကြီးနား)ဈေးကွက်		
၁။	အင်းကမိ-၃	၆ ၅ ၀	၇ ၅ ၀
၂။	ငွေတိုး	၆ ၅ ၀	၇ ၅ ၀
၃။	ဇေါ်ကလ	၆ ၀ ၀	၆ ၅ ၀
၄။	အမ်ဟမ်	၇ ၀ ၀	၇ ၅ ၀
၅။	လုံးသွယ်ပေး	၇ ၅ ၀	၈ ၀ ၀
	ကမား (လွိုင်ကော်)ဈေးကွက်		
၁။	ပုလဲသွယ်	၅ ၀ ၀	၅ ၂ ၀
၂။	ရွှေဝင်းအေး	၈ ၀ ၀	၈ ၅ ၀
၃။	အင်းဌေ	၆ ၅ ၀	၇ ၀ ၀
	ဟနသံကရီ (ထားဝယ်)ဈေးကွက်)		
၁။	အင်းသာ	၅ ၀ ၀	၆ ၀ ၀
၂။	ပေါ်အမုန်းမွေး	၈ ၀ ၀	၉ ၀ ၀
၃။	ပြိုင်း	၆ ၃ ၀	၆ ၇ ၀
၄။	ရေပဲမထ	၆ ၀ ၀	၆ ၅ ၀
၅။	ငရုပ်	၅ ၂ ၀	၅ ၀ ၀
၆။	ထိုင်းနံကောက်	၆ ၀ ၀	၆ ၆ ၀
၇။	ရွှေတစ်ဆုပ်	၆ ၀ ၀	၆ ၆ ၀
၈။	ရက် ၉၀	၆ ၀ ၀	၆ ၆ ၀
	မကွေးဈေးကွက်		
၁။	မနောသာ	၇ ၀ ၀	၈ ၅ ၀
၂။	အင်းသာ	၇ ၀ ၀	၈ ၅ ၀
၃။	ရေပင်း	၁ ၀ ၀ ၀	၁ ၅ ၀ ၀
၄။	ရုတနာတိုး	၆ ၅ ၀	၇ ၀ ၀
၅။	ဝေါ်ဘီ - ၂	၅ ၅ ၀	၆ ၀ ၀
၆။	ထိုင်းနံကောက်	၅ ၅ ၀	၆ ၀ ၀
	မုန် (ပော်ပြိုင်)ဈေးကွက်)		
၁။	ပေါ်အမုန်း	၉ ၀ ၀	၁ ၀ ၀ ၀
၂။	ရေပဲမထ	၆ ၀ ၀	၆ ၇ ၀
၃။	ရွှေတစ်ဆုပ်	၆ ၀ ၀	၆ ၅ ၀
	ရိုင်း (စစ်တွေ)ဈေးကွက်)		
၁။	ကောက်သင်း	၅ ၀ ၀	၆ ၀ ၀
၂။	ငရုပ်	၅ ၅ ၀	၆ ၀ ၀
၃။	အင်းသွယ်လတ်	၆ ၃ ၀	၇ ၀ ၀
၄။	ပေါ်အမုန်းမွေး	၉ ၀ ၀	၁ ၂ ၀ ၀
၅။	ပေါ်အမုန်းရင်	၉ ၀ ၀	၁ ၂ ၀ ၀
၆။	ရွှေဝါထွန်း	၆ ၀ ၀	၆ ၇ ၀ ၀
	ရမ်း (တောင်ကြီး)ဈေးကွက်)		
၁။	အင်းဌေ	၆ ၀ ၀	၇ ၀ ၀ ၀
၂။	ရွှေဝါထွန်း	၆ ၀ ၀	၇ ၀ ၀ ၀
၃။	ရွှေဝင်းအေး	၈ ၅ ၀	၉ ၀ ၀ ၀
၄။	ရွှေအပ်	၈ ၀ ၀	၈ ၉ ၀ ၀
၅။	ပုလဲသွယ်	၆ ၀ ၀	၆ ၅ ၀ ၀
	ရမ်းပြောက် (လာရှိုး)ဈေးကွက်)		
၁။	အင်းကမိ - ၃	၆ ၀ ၀	၇ ၀ ၀ ၀
၂။	အင်းဌေ	၆ ၀ ၀	၇ ၀ ၀ ၀
၃။	ဂဂ	၈ ၀ ၀	၉ ၀ ၀ ၀
၄။	၅၀၂	၈ ၅ ၀	၈ ၅ ၀ ၀
၅။	ယာဝယီ	၆ ၀ ၀	၇ ၀ ၀ ၀
	ကျင် (ဘားအံဈေးကွက်)		
၁။	အင်းသာ	၅ ၅ ၀	၆ ၀ ၀
၂။	မနောသာ	၅ ၅ ၀	၆ ၀ ၀
၃။	ပေါ်အမုန်းမွေး	၉ ၀ ၀	၉ ၅ ၀
၄။	လုံးသွယ်မွေး	၉ ၅ ၀	၁ ၀ ၀ ၀
၅။	ငရုပ်	၅ ၅ ၀	၆ ၀ ၀
၆။	ကောက်သင်း	၉ ၀ ၀	၁ ၀ ၀ ၀
၇။	ဘောင်းဆာ	၅ ၅ ၀	၆ ၀ ၀
	စစ်ကိုင်း (ယင်းမာပင်)ဈေးကွက်)		
၁။	ရေပင်း	၉ ၅ ၀	၁ ၀ ၀ ၀
၂။	လုံးသွယ်မွေး	၈ ၅ ၀	၉ ၀ ၀ ၀
၃။	မနောသာ	၇ ၅ ၀	၈ ၀ ၀ ၀
၄။	အင်းသာ	၈ ၅ ၀	၉ ၀ ၀ ၀
၅။	ပုလဲသွယ်	၇ ၀ ၀	၇ ၅ ၀ ၀
၆။	လုံးသွယ်မွေး	၈ ၅ ၀	၉ ၀ ၀ ၀

နမ်းမျိုးကွဲအလိုက် စျေးနှုန်း (၁၄ အေမ ၅၅ ဝဝ်တင်း) ၈ - ၇ - ၂၀၂၁

ရွာ	အမျိုးအမည်	တောင်သူ ရောင်းစျေး	ဈေးကွက် ပေါက်စျေး
	ကရင်(ဘားအံ)ဈေးကွက်		
၁။	နမ်းနက်	၃၈၀၀	၄ ၂ ၀ ၀
၂။	နမ်းနီ	၂ ၂ ၀ ၀	၃ ၃ ၀ ၀
၃။	နမ်းမြူ	၃ ၆ ၅ ၀	၄ ၉ ၅ ၀
	မန္တလေးဈေးကွက်		
၁။	နမ်းနက်	၃ ၀ ၀ ၀	၄ ၅ ၀ ၀
၂။	နမ်းနီ	၂ ၂ ၀ ၀	၃ ၃ ၀ ၀
၃။	နမ်းမြူ	၄ ၉ ၀ ၀	၅ ၅ ၀ ၀
	ပဲခူးဈေးကွက်		
၁။	နမ်းနက်	၃ ၂ ၀ ၀	၃ ၅ ၀ ၀
၂။	နမ်းနီ	၃ ၂ ၀ ၀	၃ ၅ ၀ ၀
၃။	နမ်းမြူ	၅ ၀ ၀ ၀	၅ ၀ ၀ ၀
	နေပြည်တော်ဈေးကွက်		
၁။	နမ်းနက်	၄ ၅ ၀ ၀	၅ ၀ ၀ ၀
	ကချင်(မြစ်ကြီးနား)ဈေးကွက်		
၁။	နမ်းနက်	၄ ၇ ၀ ၀	၅ ၂ ၀ ၀
	ကယား(လွိုင်ကော်)ဈေးကွက်		
၁။	နမ်းနက်	၄ ၆ ၀ ၀	၅ ၀ ၀ ၀
	တနင်္သာရီ(ထားဝယ်)ဈေးကွက်		
၁။	နမ်းနက်	၄ ၅ ၀ ၀	၄ ၈ ၀ ၀
	မကွေးဈေးကွက်		
၁။	နမ်းနက်	၃ ၇ ၀ ၀	၄ ၀ ၀ ၀
၂။	နမ်းနီ	၃ ၃ ၀ ၀	၃ ၅ ၀ ၀
၃။	နမ်းမြူ	၃ ၇ ၀ ၀	၄ ၀ ၀ ၀
	မုန်း(ပော်ပြိုင်)ဈေးကွက်)		
၁။	နမ်းနက်	၄ ၂ ၀ ၀	၄ ၇ ၀ ၀
	ရိုင်း(စစ်တွေ)ဈေးကွက်)		
၁။	နမ်းနက်	၆ ၀ ၀ ၀	၈ ၀ ၀ ၀
	ရန်ကုန်ဈေးကွက်		
၁။	နမ်းနက်	၃ ၃ ၀ ၀	၃ ၆ ၀ ၀
၂။	နမ်းနီ	၃ ၇ ၀ ၀	၄ ၀ ၀ ၀
၃။	နမ်းမြူ	၅ ၂ ၀ ၀	၅ ၆ ၀ ၀
	ရမ်းပြောက်(လာရှိုး)ဈေးကွက်		
၁။	နမ်းနက်	၂ ၄ ၀ ၀	၂ ၆ ၅ ၀

စားသုံးဆီ

စားအုန်းဆီထွက်ရှိရာဒေသများတွင် ကိုဗစ်-၁၉ အကျိုးသက်ရောက်မှုကြောင့် စားအုန်းဆီထုတ်လုပ်မှုများ လျော့နည်းခဲ့ပြီး ကမ္ဘာ့စားအုန်းဆီဈေးနှုန်းများလည်း ပြန်လည်မြင့်တက်ခဲ့သည်။ မြန်မာနိုင်ငံသို့ တင်သွင်းစျေးမြင့်လာခြင်း၊ ပြည်ပငွေလဲနှုန်းမြင့်တက်လာခြင်း တို့ကြောင့် ယခင်အပတ်ထက် တစ်ပိသာလျှင် ပျမ်းမျှ ၃၀၀၀ ကျပ်မှ ၃၃၀၀ ကျပ်သို့ စျေးမြင့်သွားသည်။

စားအုန်းဆီထွက်ရှိရာ ဒေသများတွင် ပြည်တွင်းမြေပဲဆီမှာ တစ်ပိသာလျှင် မြေပဲဆီ(ရန်ကုန်-ရှယ်) ၆၅၀၀ ကျပ်မှ ၇၀၀၀ ကျပ်၊ မြေပဲဆီ (နယ်-ရှယ်) တစ်ပိသာလျှင် ၆၀၀၀ ကျပ်မှ ၆၃၀၀ ကျပ်သို့ စျေး အသီးသီးမြင့်ခဲ့သည်။

အေးသန္တာဝင်း

အပင်လောကမှ စီးပိုးပင်နှင့်ကပ်ပါးပင်များ

ဘုန်းမြတ်

စီးပိုးတယ်၊ တင်စီးတယ်ဆိုပြီး ပြောလေ့ပြောထရှိကြပါသည်။ အပင်လောကမှာလည်း တစ်ပင်ပေါ်ကို အခြား တစ်ပင်က စီးပိုးတာ တင်စီးတာရှိပါသည်။ အဲဒီလိုအပင်တွေကို "စီးပိုးပင်"ဟု ခေါ်ကြသည်။

အပင်တွေမှာ မြေကြီးပေါ်မှာ ပေါက်တဲ့အပင်တွေကို Terrestrial "မြေပေါ်ပေါက်အပင်" ခေါ်ကြတယ်။ ရေထဲပေါက်တဲ့အပင်လည်းရှိတယ်။ ဒါကို Aquatic "ရေထဲပေါက်အပင်" ခေါ်ကြတယ်။ အချို့သောအပင်တွေ၊ တခြားသော အပင်တွေ အထဝင်ပြီးပေါက်ကြတယ်။ ဒါကျတော့ Endophyte "အပင်အတွင်းထဲ ပေါက်တဲ့ အပင်"လို့ခေါ်တယ်။ တခြား အပင်တွေအပေါ်မှာ လာပြီး တက်ရောက် ပေါက်တဲ့အပင်ချိုးမှာ နှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ "စီးပိုးပင်" Epiphyte ဟုခေါ်ပြီး ကျန်တစ်မျိုးမှာ "ကပ်ပါးပင်" Parasite ဟု ခေါ်ကြပါသည်။

စီးပိုးပင် အများစုမှာ ညောင်ပင်များ ဖြစ်ကြသည်။ ၄ာက်တွေ ညောင်သီးစားပြီး မစင်စွန့်သောအခါနှားသည် အပင်ပေါ်မှာ ညောင်စေ့ကျပြီး အပင်ပေါက်လာ၊ အပင်ကြီးတော့ အကိုင်းအခက်အမြစ်တွေ ထွက်လာ၊ အမြစ်တွေက မူလအပင်ကို ရစ်ပတ်ပြီး အပင်ပေါ်မှ မြေကြီးရှိရာ ဆင်းလာကြသည်။ အမြစ်မြေကြီးထောက်မိသည်နှင့် ပင်စည်ကဲ့သို့ ကြီးထွားလာပြီး တွယ်ကယ်ပေါက်ခဲ့သည်။ အပင်ကို လွှမ်းမိုးစီးပိုးတော့သည်။ ထို့ကြောင့် အပင်ကြီးများ အပေါ်မှ အောက်ဘက်မြေကြီးရှိ ရာဆင်းလာတဲ့စီးပိုးပင်အမြစ်များကို မြေမထိခင် ဖြတ်တောက်ပေးကြရသည်။ သို့မှသာ စီးပိုးပင်သည် အပင်ကိုလွှမ်းမိုးမှုမပြုလုပ်နိုင်တော့ပါ။ ထိုသို့မပြုလုပ်နိုင်ခဲ့လျှင် စီးပိုးပင်က မူလအပင်ကြီးကို စီးပိုးပြီး အကိုင်းအခက်တွေ ပျံ့နှံ့ဝေဆာလာပြီး အပိုးခံရသဖြင့် မူလအပင်သည် ရစ်ပတ်ညှစ်သတ်ခံရပြီး လေးနှစ်၊ ငါးနှစ်ခန့်ကြာလျှင် သေသွားနိုင်သည်။

စီးပိုးပင်များသည် မူလအပင်ပေါ်မှာ ပိုင်စိုးပိုင်နင်းစီးပိုးပြီး အပင်ပေါက်ကြသော်လည်း အပိုးခံရသောအပင်၏ သစ်ရည်ကို အစာက စုပ်ယူခြင်းမပြုလုပ်ပေ။ မြေကြီးကို အမြစ်ဆင်းထောက်ပြီး မြေကြီးမှရေနှင့်အစာကို ရယူကြသည်။ ဤကဲ့သို့ စီးပိုးသော ညောင်ပင်ကြောင့် လူသုံးယောက်ခန့် လက်နှင့်ဆက်ပြီး ဖက်၍ရသည့် သက်နံ့ပင်ကြီး တစ်ပင် ကျွန်တော့်အိမ်ရှေ့မှာရှိသည်။ နှစ်ကြာတော့ နှစ်နှစ်၊ သုံးနှစ်ခန့်မှာ သက်နံ့ပင်မှ ကိုင်းများခြောက်ပြီး ကျိုးကျမှုဖြစ်လာပြီး ညောင်ပင်၏ စီးပိုးလွှမ်းမိုးနယ်ချဲ့မှု ခံရသောသက်နံ့ပင်ကြီးမှာ တောင့်တင်းသန်မာပါသော်လည်း တဖြည်းဖြည်းချည့်နဲ့လာပြီ။ သက်တမ်းရှည်တော့မည် မဟုတ်တော့ပါ။

အမြစ်များက စီးပိုးခံအပင်၏ ပင်စည်၊ အခေါက်တွေကြား ပိုက်ကွန်တွေ ကွန်ရက်ဖြန့်ကျက်ထားသလို လက်ယှက်ထိုးရှိနေပြီ။ အခေါက်ထဲတွင်ကပ်နေသော ရေငွေ့နှင့်မြေမှုန်မြေမွှားတွေလည်း ရယူကြသည်။ သို့သော် အပင်ကြီးထဲမှ အစာရေစာကိုတော့ စုပ်ယူစားသုံးမှုမရှိပါ။ စီးပိုးခံအပင်ကြီးသေဆုံးသွားနိုင်သည်။ အမြစ်တွေ၏ ညစ်အားကို ခံရ၍ဖြစ်သည်။ စီးပိုးပင်၏ အခက်အရွက်တွေက ဝေဆာများပြားလာပြီး မူလအပင်မှာ လေရရှိမှု၊ အလင်းရောင်ရရှိမှု နည်းပါးလာပြီး ရေညှိများ အရွက်ဖားဖား စက်ပိုင်းရစ်ထွက်သည့် အပင်များလည်း စီးပိုးပင်ဖြစ်ကြပါသည်။ စီးပိုးပင်၏ ခုက္ခပေးမှုကြောင့် စီးပိုးခံရသောအပင်သည် စိတ်ဓိစီးမှုခံကြရသည်။

အချို့သော စီးပိုးပင်များတွင် ရှိမှုနှမ်းများပါရှိသည်။ Meliola ဟုခေါ်သော ရှိမှုနှမ်းများသည် ပျက္ခဲသို့ ခန္ဓာကိုယ်မှ အချိုရည်ထုတ်တတ်သော စုပ်စားအင်းဆက်ပိုးများ၏ စွန့်ပစ်အချိုရည်ကို စားသုံးအသက်ရှင်ကြပြီး စီးပိုးခံအပင်အရွက်တွေ မည်းနက်သောအရောင် ရောက်ကြပြီး ကြားဝင်ပြောင်းလဲသွားကြသည်။ အရွက်တွေ ဓမ်မ်းသောအခါ အစာချက်မှု၊ လေရူးလေထုတိပေါက်များ အလုပ်မလုပ်နိုင်၍ စီးပိုးပင်ကြောင့် မူလအပင်သေခြောက်ကြွေကျပြီးလဲခဲ့ရတော့သည်။

ကပ်ပါးပင် Parasite များသည် အဆိုးဝါးဆုံးသော ရှိမှုများဖြစ်ကြသည်ဟု ဆိုကြပြီး ကပ်ပျိုးသီးနှံများ ဖျက်ပိုးနှိမ်နင်းရာတွင် အသုံးပြုနေသော ကပ်ပါးနကျယ်ကောင်များ ရှိပါသည်။ စပါးပင်ဘဝ သက်တမ်း တစ်လျှောက် ဖျက်ဆီးမှုများသော ဆစ်ပိုးကို ဥကပ်ပါးနကျယ်ဖြင့် နှိမ်နင်းမှု ထိရောက်သည့် အကျိုးပြုကပ်ပါးလည်း ရှိပါသေးသည်။

ကပ်ပါးပင်၏ ဆိုးရွားမှုမှာ တွယ်ကပ်နေသည့်အပင်မှ အစာနှင့်ရေကို လုယူစားသုံးလေ့ရှိသည်။ စီးပိုးပင်နှင့်မတူပါ။ ကျီးပေါင်းပင်၊ ရွှေနွယ်ပင်စသည့် ကပ်ပါးပင်များသည် မြေကြီးပေါ်မှာမပေါက်ဘဲ အပင်မြင့်ပေါ်တွင် ကပ်မြှောင်ကပ်ပါးကျနေထိုင်သဖြင့် အချို့သော ကမ္ဘာနိုင်ငံများတွင် ဘုံမြင့်အပင်များဟု သတ်မှတ်ပြီး အရိုအသေပြုကြကုယ်ကြသည်များလည်း ရှိကြပါသေးသည်။

ကပ်ပါးပင်များတွင် ခရမ်းချဉ်နှင့် အာလူးကဲ့သို့ သီးနှံစိုက်ခင်းများရှိ အပင်များ၏ အရွက်ပေါ်တွင် ကပ်ပါးကျသောမှိုများ၊ ထင်းရှူးပင်တွင် ကပ်ပါးကျသောမှို၊ စပါးနှင့် ဂျုံပင်တွင် နံစား

ရန်ကုန်တိုင်းဒေသကြီး နှစ်စဉ် စပါးတင်း ၉၆ သန်း ထုတ်ပေး

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီးရှိ စိုက်ပျိုးထုတ်လုပ်မှုမှ နှစ်စဉ် စပါးတင်းပေါင်း ၉၆ သန်း ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း အသားတင်စိုက်ပျိုးမြေ ၁၄၃၀၃၃၀ ဧကရှိပြီး အဓိကစိုက်ပျိုးသီးနှံအနေနှင့် စပါး၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဟင်းသီးဟင်းရွက်၊ ရော်ဘာနှင့်ကြေတို့စိုက်ပျိုးသည်။ စိုက်ပျိုးဧကမှ ၈၅ ရာခိုင်နှုန်းကို မိုးစပါးနှင့်ဆွေစပါး စိုက်ပျိုးလျက်ရှိသည်။

"ရန်ကုန်တိုင်းဒေသကြီးမှာတော့ စပါးကို အဓိကစိုက်တယ်။ ပဲကတော့ ဒုတိယပေါ့။ ပြီးခဲ့တဲ့နှစ်မှာ မိုးရွာသွန်းမှုနည်းလာပေမယ့် သီးနှံ စိုက်ပျိုးမှုကတော့ ၇၂ ရာခိုင်နှုန်း ပုံမှန်စိုက်ပါတယ်။ စပါး အထွက်နှုန်းက တစ်ဧကကို ပျမ်းမျှ တင်း ၇၀ ခန့် ထွက်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးစိုးသိန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဧရိယာစုစုပေါင်း ၂၂၃၉၂၉ ဧက ရှိသော်လည်း အသားတင်စိုက်ဧက ၁၄၃၀၃၃၀ ဧက၊ လုပ်မြေ ၇၀၄၀၇ ဧက၊ ကြီးငိုင်း၊ ကြီးပြင်ကာကွယ်တော ၂၆၈၇၃၆ ဧက၊ တောရိုင်း ၁၅၀၉၄ ဧက၊ မြေရိုင်း ၃၆၀၉၇ ဧကနှင့် စိုက်ပျိုးခြင်းမပြုနိုင်သောမြေ ၇၁၈၇၆၅ ဧကရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာက မျိုးကောင်းမျိုးသန့်မရတာကြောင့် စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပြီး ဝင်ငွေနည်းနေတာ ဖြစ်ပါတယ်။ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေနဲ့ ဒေသအတွင်း ကိုက်ညီတဲ့မျိုးတွေသာရမယ်ဆိုရင် ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ စပါးအထွက်နှုန်းကို အများကြီး မြှင့်တင်နိုင်မှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံလိုသောလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် လိုအပ်လျက်ရှိသော မျိုးစေ့ထုတ်လုပ်ခြင်း၊ လုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်း သုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမည်ဆိုပါက စိုက်ပျိုးရေးဦးစီးဌာနအနေနှင့် ကူညီပေးသွားမည် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူများအနေနှင့် နောက်ဝိုင်း စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများလည်း ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ဇော်လင်းထွန်း

၂၀၂၁ ခုနှစ် မိုးလယ်ကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၂၀၂၁ ခုနှစ် မိုးလယ်ကာလသတ်မှတ်ခြင်း

၁။ ၂၀၂၁ ခုနှစ် မိုးလယ်ကာလသည် ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ သြဂုတ် ၃၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်မှ ဝါခေါင်လပြည့်ကျော် ၉ ရက်) အထိပင် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

၂။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းလေးကြိမ် ဖြစ်ပေါ်နိုင်ပြီး၊ နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မိုးလယ်ကာလတွင် မုတ်သုံလေအားပြတ်ခြင်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။

မိုးအခြေအနေ

၃။ မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

မြစ်ရေအခြေအနေ

၄။ မိုးလယ်ကာလ ဇူလိုင်နှင့်သြဂုတ်တို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ကြိမ်ခန့်စီနှင့် ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဧလွန်မြို့တို့တွင် နှစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္ဒီးမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့်မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီနှင့် ဟူမွလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် နှစ်ကြိမ်ခန့်စီ၊ ဒဂုဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ဝေန္တမြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် တစ်ကြိမ်ခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့်၊ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီး အထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။ ■

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်း ၇၉၀ ကျော် နေပြည်တော်တွင် ထုတ်ချေးပေးထား

နေပြည်တော် ဇူလိုင် ၉

နေပြည်တော်အတွင်းရှိ ကျေးရွာ ၂၄ အုပ်စုမှ တောင်သူ ၁၃၉၁ ဦးကို စိုက်ဧကပေါင်း ၅၆၂၅ အတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၇၉၀ ဒသမ ၁၀ သန်း ထုတ်ချေးပေးပြီးကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (နေပြည်တော်) မှ သိရသည်။

မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ၂၀၂၁ ခုနှစ်၊ မေ ၂၆ ရက်မှစ၍ ထုတ်ချေးပေးခြင်း ဖြစ်သည်။

ထိုပြင် စိုက်ပျိုးစရိတ်ချေးငွေကို ယခင်က ချေးယူထားသူ တောင်သူများအနေဖြင့် ယခုလကုန်အထိ ဒဏ်ကြေးကင်း လွှတ်ခွင့်ပြုထားကြောင်းနှင့် ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက လက်ရှိ ထုတ်ချေးထားမှုမှာ လေးရာခိုင်နှုန်းခန့်သာ ထုတ်ချေးထားမှုရှိကြောင်း သိရသည်။

နေပြည်တော်ပြည်ထောင်စု နယ်မြေတွင် စိုက်ဧကပေါင်း ၁၆၀၀၀ ကျော်ရှိသော်လည်း ပုံစံ ၇ ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးထားရာ မိုးစပါးစိုက်ဧကမှာ ၄၅၅၂ ဧကရှိပြီး နှမ်း၊ ဝါသီးနှံနှင့် ပဲတီစိမ်းစသည့် အခြားသီးနှံစိုက် ဧကပေါင်း ၁၀၇၃ ဧက ရှိသည်။

လယ်ဝေးမြို့နယ်တွင် ပြီးခဲ့သည်နှစ် မိုးချေးငွေ ဆပ်ငွေပေါင်း ကျပ် ၇၂၇၂ ဒသမ ၅၀ သိန်းရှိပြီး ကျပ် ၆၄၂၇ သိန်း ကျန်နေသည်။

နေပြည်တော်ပြည်ထောင်စုနယ်မြေတွင် ယခင် ၂၀၂၀ ပြည့်နှစ်က မိုးစပါးစိုက် တောင်သူ ၃၅၆၉ ဦးကို စပါးစိုက်ဧက ၁၂၈၄၅၀ ဧကနှင့် အခြားသီးနှံစိုက်ဧက ၁၄၇၄ ဧကအတွက် ငွေကျပ်သန်း ပေါင်း ၂၆၇၄ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဗဟိန်း

မင်းဘူးမြို့နယ် မိုးရာသီစိုက်ပျိုးစရိတ် ကျပ်သိန်းပေါင်း ၁၆၀၀ ကျော် ထုတ်ချေး

မင်းဘူး ဇူလိုင် ၇

မင်းဘူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၁၆၇၁၅၀၀၀/– (သိန်းပေါင်း ၁၆၀၀ ကျော်)ကို ကျေးရွာအုပ်စုလေးခုရှိ တောင်သူ ၂၀၄ ဦးတို့၏ စပါး ၅၁၁ ဧကနှင့် နှမ်းစိုက်ဧက ၉၀၅ တို့အတွက် ထုတ်ချေးပြီးကြောင်း သိရသည်။

ဇေယျာထက် (မင်းဘူး)

မန္တလေး ဈေးကွက်

ပဲမျိုးစုံ

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် မတ်ပဲ ဈေးနှုန်းမှာ ရန်ကုန်ဝယ်လက်မရှိသော်လည်း ပစ္စည်းအင်နည်းပြီး လှောင်သမားထံမှ ဝယ်ရခြင်း၊ ပဲခွဲစက်များ ဝယ်ယူမှုပုံမှန် ဖြစ်ခြင်းကြောင့် ၆၀ ပိဿာလျှင် ၁၀၄,၀၀၀ ကျပ်မှ ၁၀၅,၅၀၀ ကျပ်သို့ ဈေးမြင့်လာသည်။

ပဲစင်းငုံ(ဖြူ)မှာ ရန်ကုန်ဝယ်လက်နည်းသော်လည်း လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် ၆၀ ပိဿာ ၈၉၀၀၀ ကျပ်မှ ၉၂၅၀၀ ကျပ်၊ ပဲစင်းငုံ(နီ) ၆၀ ပိဿာ ၁၀၂၀၀၀ ကျပ်မှ ၁၀၄၀၀၀ ကျပ်သို့ ဈေးမြင့်လာသည်။ ပဲတီစိမ်း(ရွှေဝါ) အသစ် မဝင်ဘဲ တရုတ်အဝယ်နည်း၍ ဈေးငြိမ်နေပြီး ပဲတီစိမ်း(အညာ)မှာ တရုတ်အဝယ်နည်းခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် ၉၇၀၀၀ ကျပ်မှ ၈၈၂၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ကုလားပဲ(လုံးဝကြီး/လုံးဖြူကြီး)တို့မှာ လှောင်သမားထံမှ ဝယ်ရခြင်း၊ ပဲခွဲစက်များ မြို့တွင်းလုပ်ငန်းရှင်များ ဝယ်ယူမှုပုံမှန်ရှိခြင်း၊ ပစ္စည်းနည်းသွားခြင်းကြောင့် လုံးဝကြီးမှာ ၅၇ ဒသမ ၂၅ ပိဿာလျှင် ၈၅၀၀၀ ကျပ်မှ ၈၈၅၀၀ ကျပ်၊ လုံးဖြူကြီးမှာ ၉၂၀၀၀ ကျပ်မှ ၉၇၅၀၀ ကျပ်၊ ခွဲခြမ်း တစ်ပိဿာလျှင် ၂၀၀၀ ကျပ်မှ ၂၁၇၀ ကျပ်သို့ အသီးသီး ဈေးမြင့်သွားသည်။ စားတော်ပဲနှင့် ပဲလွမ်းဖြူမှာ အရောင်းအဝယ်နည်း၍ ဈေးငြိမ်နေသည်။

ပဲပုပ် (မြန်မာ/ရှမ်း)၊ ပဲကြီး(ကြီး/သေး)တို့မှာလည်း မြို့တွင်းသုံးလုပ်ငန်းသုံးသမားများ အဝယ်ရှိခြင်း၊ ပစ္စည်းအသစ်မဝင်ဘဲ လှောင်သမားထံမှ ဝယ်ရခြင်း၊ အရည် အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းတို့ကြောင့် ယခင် အပတ်ထက် ဈေးမြင့်နေသည်။ မြေထောက်ပဲမှာ စိုက်ဧကနည်း၊ အထွက်နည်း၊ အင်နည်းပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ အင်နည်း၍ ၅၄ ပိဿာလျှင် ၁၁၉၅၀၀ ကျပ်မှ ၁၃,၅၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ■

ဆီထွက်သီးနှံ

ဒြေမပဲ (လုံးဆန်)

တရုတ်ဝယ်လက် အနည်းငယ်သာ ရှိခြင်း၊ ဆီစက်သမား အဝယ်နည်းခြင်း၊ မြို့တွင်းလုပ်ငန်းသမား အဝယ်နည်းခြင်း၊ မိုးစိုက် စိုက်ပျိုးစဖြစ်ပြီး ဆောင်းလက်ကျန်များခဲ့ခြင်းကြောင့် လုံးဆန် ၁၀၀ ပိဿာလျှင် ၂၅,၅၀၀ ကျပ်မှ ၂၅,၅၀၀ ကျပ်သို့ လည်းကောင်း၊ ဆီဆန် ၁၀၀ ပိဿာ ၂၃,၅၀၀ ကျပ်မှ ၂၂,၅၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ပန်းနှမ်းမှာ ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ၄,၅ ပိဿာလျှင် ၇၉၀၀၀ ကျပ်မှ ၇၈၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး နေကြာမှာ ပစ္စည်းရှားခြင်း၊ ဆောင်းနေရာအထွက်နည်းခြင်းကြောင့် ၂၇ ပိဿာလျှင် ၄၆၀၀ ကျပ်မှ ၅,၃၃၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ယခုအပတ်တွင် ကိုဗစ် ရောဂါကြောင့် ကုန်စည်ဒိုင် အတွင်း အရောင်းအဝယ်နည်းပြီး ပွဲရုံများ၊ အိမ်များတွင်သာ နေမှုနေပြခြင်း၊ ပစ္စည်းပို့ခြင်းတို့ဖြင့် ဝယ်ယူသောပစ္စည်းများကို ကိုဗစ် – ၁၉ ကာကွယ်ဆေးများ စနစ်တကျဖျန်း၍ ရောင်းဝယ်ကြသည်။ ■

ကိုင်းတန်းစျေး

ကိုင်းတန်းစျေးတွင် ဆန် ဈေးနှုန်းအရောင်းအဝယ်၊ အင်ပုံမှန်ဖြင့် ဈေးငြိမ်နေသည်။ သယ်ယူပို့ဆောင်ခမှာ ၂၄ ပြည် တစ်အိတ်လျှင် ယခင် ၁၈၀၀ ကျပ်မှ ၂၀၀၀၊ ၂၂၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ စားဖိုဆောင်သီးနှံ ငရုတ်ခြောက်(ရှည်/လတ်) အင်ပုံမှန်၊ ရောင်းဝယ်မှုပုံမှန်ဖြင့် ဈေးငြိမ်နေသည်။ ဒေသစုံမှ ဝင်ရောက်သည့် ကြက်သွန်နီ (ကြီး) တစ်ပိသာလျှင် ၄၀၀ ကျပ်၊ ကြက်သွန်နီ(လတ်) တစ်ပိသာ ၃၀၀ ကျပ်နှင့် ကြက်သွန်နီ (သေး) တစ်ပိသာ ၂၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ လမ်းပန်း ဆက်သွယ်ရေး အခက်အခဲကြောင့် တရုတ်အာလူး များ ဈေးမြင့်ပြီး အင်နည်းသဖြင့် အောင်ပန်းအာလူး (အိုကော) ၈၅၀ ကျပ်မှ ၉၀၀ ကျပ်၊ အာလူး (အေဝမ်း) တစ်ပိသာ ၇၄၀ ကျပ်၊ အာလူး(ဆွဲ) မှာ တစ်ပိသာ ၆၃၀ ကျပ်ဖြင့် အသီးသီး ဈေးမြင့်သွားသည်။ ချင်းဈေးနှုန်းမှာ ဥမတစ်ပိသာလျှင် ၉၅၀ ကျပ်၊ အခက်ကြီး တစ်ပိသာလျှင် ၁၂၅၀ ကျပ်ဖြင့် အနည်းငယ် နိမ့်သွားသည်။ ငရုတ်စိုး(လတ်)မှာ မုံရွာ၊ ချောင်းဦး စိုက်ခင်းသစ်များမှ အင်များခြင်းကြောင့် တစ်ပိသာ ၃,၂၀၀ ကျပ်မှ ၂,၅၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ■

သစ်သီးဝလံ

ဖရဲသီးများ တရုတ်သို့ တင်ပို့မှုမရှိသေးခြင်း၊ မုံရွာ၊ ချောင်းဦးမှ အင်များခြင်းကြောင့် တစ်လုံးလျှင် ၇၀၀ ကျပ်ရှိပြီး သီပေါမှနာနတ်သီးများ အင်များ၍ အရည်အသွေးပေါ်မူတည်ကာ တစ်လုံးလျှင် ၂၀၀ ကျပ်မှ ၄၀၀ ကျပ်ထိရှိသည်။ ရမည်းသင်း၊ ပျော်ဘွယ်မှ စပျစ်သီးများ တစ်ပိသာလျှင် ၁၈၀၀ ကျပ် ဈေးရှိသည်။ ■

ဟင်းသီးဟင်းရွက်

ပန်နမ်လာ၊ ဂေါ်ဖီထုတ် အင်များ၊ ပန်းမုန်လာ တစ်ပွင့်လျှင် ၄၀၀ ကျပ်၊ ဂေါ်ဖီ တစ်ထုပ်လျှင် ၃၀၀ ကျပ်။ မုန်လာဥနီမှာ တစ်ပိသာလျှင် ၁,၀၀ ကျပ်၊ ကျောက်ဆည်၊ မန္တလေးနှင့် မုံရွာ ခရမ်းသီးများ အင်များ တစ်ပိသာလျှင် ၄၀၀–၅၀၀ ကျပ်သို့ ဈေးကျသွားသည်။

ဘိုစားပဲတစ်ပိသာ လျှင် ၁,၀၀ ကျပ်မှ ၈၀၀ ကျပ်သို့ ဈေးကျသွား။ အင်းသီး ၂၀ ပိသာ တစ်သေတ္တာ ၄၀၀၀၀ ကျပ်၊ ကျင်းသီး ၁၂ ပိသာခြင်းတစ်ခြင်း လျှင် ၁၈၀၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ ■

မူဆယ်ကုန်စည်ပို့ဆောင်မှု

မူဆယ်ကုန်စည်ပို့ဆောင်မှုမှာ ယခင်အပတ်များကဲ့သို့ ကျင်စန်းကျေးဂိတ် တစ်ခုတည်းမှသာ ပို့ဆောင်မှုရှိပြီး၊ နှမ်းနှင့်မြေပဲ(လုံးဆန်) အနည်းငယ်သာ တင်ပို့မှုရှိ။ တစ်နေ့လျှင် တွဲကား ၃၀ စီးသာ ထွက်ရှိပြီး ပို့ဆောင်ခ တစ်ပိသာ ၁၄၀ ကျပ်မှ ၁၅၀ ကျပ်ရှိသည်။ **ခင်မေကြည် (မန္တလေး)**

ပြည်ပဓာတ်မြေသြဇာ အဝင်နည်း ဝယ်လိုအား၊ ရောင်းလိုအား မမှုရ၍ ဈေးတက်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်ဘုရင့်နောင်ပွဲရုံ အတွင်းရှိ ဓာတ်မြေသြဇာဈေးကွက်တွင် ယခုတစ်ပတ် ဓာတ်မြေသြဇာများ ဈေးတက်ဆဲဖြစ်သည်။ ယခင်တစ်ပတ်ထက် ဈေးပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရသည်။

ယခင်က ယူရီးယားဓာတ်မြေသြဇာသည် ဆိပ်ကမ်းမှအတင်ရှိခဲ့သော်လည်း ယခုအခါအခြေအနေ အရပ်ရပ်ကြောင့် အင်နည်းသွားသည်ကို တွေ့ရသည်။

ယခင်က နယ်စပ်ကုန်သွယ်ရေးမှ ပံ့မှန်အင်ရှိခဲ့သော ဓာတ်မြေသြဇာများမှလည်း ယခုအခါ ကိုစစ်ကပ်ရောဂါအပါအဝင် ကုန်သွယ်မှုအခက်အခဲ တချို့ကြောင့် အင်လမ်းကြောင်းများမှာ ရပ်ဆိုင်းသွားသည်ကို တွေ့ရသည်။

ယခင်က ယူရီးယားဓာတ်မြေသြဇာမှာ ပင်လယ်ရေကြောင်းမှ အင်များပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ကွန်ပေါင်းမြေသြဇာမျိုးစုံနှင့် တီရူပါဓာတ်မြေသြဇာများ အင်ရှိခဲ့သော်လည်း ယခုအခါတွင် လမ်းကြောင်းအသီးသီးမှ အင်ပါးသွားသည်ကိုတွေ့ရသည်။ ပြည်တွင်းမှ လက်ကျန်ပစ္စည်းများကိုသာ အရောင်းအဝယ်ရှိပြီး အသစ်မဝင်၍ ဈေးများမြင့်တက်လာခြင်းဖြစ်သည်။ **မျိုးမြန်မာ**

ဓာတ်မြေသြဇာဈေးကွက် (ဘုရင့်နောင်ပွဲရုံနယ်မြေ)

ပုလဲမြေသြဇာ

ရွှေတောင်၊ ရွှေတောင်ပေါ်၊ ကြယ်စိမ်း ၄၉၀၀၀ ကျပ်၊ ICP ၄၉၅၅၀ ကျပ်၊ MC မိုးသီး ၄၀၇၀၀ကျပ်၊ ကောမိုးသီး ၄၈၅၀ ကျပ်၊ အီရန်မိုးသီး ၄၄၅၀ ကျပ်၊ MPE ၄၃၃၀ ကျပ်၊ အီရန် ၄၇၀၀ ကျပ်၊ အီ(လှယ်) ၄၃၅၀ ကျပ်၊ ပုလဲသာ ၃၉၅၀ ကျပ်၊ ရွှေ 50 kg ၅၀၀၀၀ ကျပ်၊ အပင်သန် @၄၁၀၀ ကျပ်၊ မေဖုန်း ၄၀၀၀ ကျပ်၊ ရူပါ N-21/ S-24 ၃၀၅၀ ကျပ်၊ ရူပါပင်ထွား ၃၄၀၀ ကျပ် (ပေါင်းသေပင်ကောင်း)၊ အပင်တက် ၃၆၅၀ ကျပ်၊ ကောပေါင်း @ ၃၁၅၀ ကျပ်၊ ပေါင်းဝေး ၁၈၅၀ ကျပ်၊ ရွှေပေါင်းဆေးမှုန့် ၁,၀၀၀ ကျပ်။

သံကွင်း

GT 46% ၄၅၀၀ ကျပ်၊ STGT 46% ၄၃၅၀ ကျပ်၊ နဂါး အသီး ၄,၀၀၀ ကျပ်၊ ရွှေများ GT ၃၃၅၀ ကျပ်၊ ပွင့်သီး ၂၉၀၀ ကျပ်၊ မြေသန် ၂,၅၅၀ ကျပ်၊ ရွှေထွက်တိုး 40kg ၂,၅၅၀ ကျပ်၊

GRP 21%

များနီ ၂,၅၅၀ ကျပ်၊ ဝက်ဝံ ၂,၅၅၀ ကျပ်၊ ရူပါ 32% ၃,၄၅၀ ကျပ်၊

15:15:15

R မို (ပြာ) ၄,၃၀ ကျပ်၊ R မို (နက်) ၄,၅၅၀ ကျပ်၊ R နီ ၄,၆၀၀ ကျပ်၊ R မို ၄,၆၀၀ ကျပ်၊ Mc ၄,၄၅၀ ကျပ်၊

Nitrophoska

Nitrophoska (16) ၄,၃၅၀ ကျပ်၊ ST 15: ၄,၅၅၀ ကျပ်၊ ရွှေကောမက် ၄,၃၀၀ ကျပ်၊ ကောမက်သီးစုံ ၃,၄၀၀ ကျပ်၊ v super 15:9:19 ၃,၉၈၀ ကျပ်၊

15: 7: 8

တက်တိုး ၃,၂၅၀ ကျပ်၊ ရွှေတောင် ၃,၃၅၀ ကျပ်၊ ပေါက်တူး (ညို) ၃,၂၅၀ ကျပ်၊ ok 15:7:8 ၃,၁၅၀ ကျပ်၊

10:10:5

ရွှေတောင် ၂,၉၃၀ ကျပ်၊ တောင်သူမ ၃,၀၀၀ ကျပ်၊

15: 5: 5

ပေါက်တူး ၃,၆၆၀ ကျပ်၊ ok (15:5:5) ၂,၈၀၀ ကျပ်၊

17:17:17

ရွှေတောင် ၄,၆၀၀ ကျပ်၊

ပိုတက်ရှိ (အမှုန့်)

မာကိုတာ ၃,၅၅၀ ကျပ်၊

ပိုတက်ရှိ (အခဲ)

R (မို) ၄,၀၀၀ ကျပ်၊ Rose ၃,၆၀၀ ကျပ်၊ AMC ၃,၄၀၀ ကျပ်၊ Mc ၃,၁၀၀ ကျပ်၊ Eagle ၃,၀၀၀ ကျပ်၊

Organic

Natrix ၃,၇၅၀ ကျပ်၊ သရဖူ ၅,၅၀ ကျပ်၊ လေဆာ ၆,၈၀ ကျပ်၊ နတ်ဩ ၁,၈၀၀ ကျပ်၊ ဗီတာဂရီ ၃,၅၀၀ ကျပ်၊ ရွှေမြေသီး ၁,၀၀၀၊

MgO

စူပါပြည်ဝ ၁,၅၀၀ ကျပ်

Gypasum

ရွှေတောင်တန်း ၄,၀၀၀ ကျပ်၊ R မို ၅,၀၀၀ ကျပ်၊ ကောမက် ၄,၇၀ ကျပ်၊ ရူပါ ၄,၅၀ ကျပ်၊ တက်တိုး ၅,၀၀၀ ကျပ်၊

ကွန်ကာလီ

စံပြ ၃,၁၀၀ ကျပ်၊ 12:36:12 ၄,၆၅၀ ကျပ်။

စာတော်မြေသြဇာ ထိရောက်စွာသုံးခွဲရေး

အောင်ဆန်း (စိုက်ပျိုးရေး)

အချို့က မွန်းလွဲ ၁ နာရီ ၀နာရီကျင်၊ ရာသီဥတု သာယာပြီး နေပူရှိန်ပြင်းနေတဲ့အချိန်ပါ။

စာရေးသူက ကားကိုရပ်ပြီး စပါးခင်း၊ ဓာတ်မြေသြဇာ ကြဲပက်နေတဲ့ လယ်သမားကြီးဆီကိုရောက်တော့ "ပုလဲ" ဓာတ်မြေသြဇာကို ဆင်းသုခစပါးမျိုးအတွက် စပါးပင်သက်တမ်း တစ်လကျော်ကျော်က ကြဲခဲ့တာလို့ဆိုပါတယ်။

ပုလဲမြေသြဇာဟာ သူတစ်မျိုးတည်း ကြဲရင် လေလွင့်ဆုံးရှုံးမှုများလို့ ပုလဲတစ်အိတ်ကို မြေဆွေးသုံးအိတ်နဲ့ ရောနှပ်ပြီး တစ်ညသိပ်ပြီးမှ ကြဲရမယ်ဆိုတာ လယ်သမားတွေ သိထားသင့်ပါတယ်။

တောင်သူလယ်သမားကြီး အများစုက နိုက်ထရိုဂျင်အတွက် ယူရီးယား (ပုလဲ)၊ ဖော့စ်ဖရပ်ဓာတ်အတွက် တီစူပါ (အမဲ)၊ ပိုတက်စီယမ်ဓာတ်အတွက် ပိုတက်(ရှ်) (ဓာတ်ဆား) အသုံးပြုကြရပါတယ်။ တချို့ကတော့ နိုက်ထရိုဂျင်၊ တီစူပါ၊ ပိုတက်(ရှ်)၊ စတက်ဖာအားလုံး စုပေါင်းထုတ်လုပ်ထားတဲ့ ကွန်ပေါင်းမြေသြဇာ သုံးကြပါတယ်။ ဘာပဲသုံးသုံး နည်းစနစ် မမှန်ကန်ရင် လေလွင့်ဆုံးရှုံးမှုများပြီး အဟောသိက် ဖြစ်သွားတတ်ပါတယ်။

> **တချို့ကတော့ နိုက်ထရိုဂျင်၊ တီစူပါ၊ ပိုတက်၊ စတက်ဖာအားလုံး စုပေါင်းထုတ်လုပ်ထားတဲ့ ကွန်ပေါင်းမြေသြဇာ သုံးကြပါတယ်။ ဘာပဲသုံးသုံး နည်းစနစ် မမှန်ကန်ရင် လေလွင့်ဆုံးရှုံးမှုများပြီး အဟောသိက် ဖြစ်သွားတတ်ပါတယ်။**

နိုက်ထရိုဂျင်အတွက် ယူရီးယား (ပုလဲ) မြေသြဇာဟာ စနစ်တကျ မသုံးတတ်ရင် အပင် က ၃၀ ရာခိုင်နှုန်းသာရရှိပြီး ၇၀ ရာခိုင်နှုန်းဟာ အငွေ့ပျံခြင်း၊ မြေအောက်စိမ့်ဝင်ခြင်း၊ ရေနဲ့ပါသွားခြင်းစတာတွေနဲ့ လေလွင့်ပျောက်ဆုံးသွားပါတယ်။

ဒါကို ကာကွယ်ဖို့ အသုံးမပြုမီ ပုလဲတစ်အိတ်ကို မြေဆွေးသုံးအိတ်နဲ့ သမအောင် ရောနှေပြီး တစ်ညသိပ်နပ်ထားပြီးမှ ကျွေးရပါမယ်။ ကျွေးတဲ့အခါမှာလည်း နံနက်ပိုင်း နေအေးချိန် ၁၁ နာရီအတွင်းနဲ့ ညနေပိုင်း နေအေးချိန် ၃ နာရီနောက်ပိုင်းမှာ ကျွေးရပါမယ်။

နံနက်ပိုင်း နေပူနေရင် လယ်ကွက်ထဲရှိ ရေရဲ့ အပူချိန်မြင့်တက်ပြီး ရေရဲ့ချဉ်နက်ကိန်းဟာ ၁၁ လောက်အထိ ရောက်ရှိနေတယ်။ ရေရဲ့ချဉ်ငန်ကိန်း မြင့်တက်လေလေ ယူရီးယား(ပုလဲ) မြေသြဇာမှာပါတဲ့ နိုက်ထရိုဂျင်ဓာတ်တွေ အငွေ့ပျံမှုများလေလေဖြစ်ပြီး ဆုံးရှုံးမှုများစေပါတယ်။ ယူရီးယား (ပုလဲ) မြေသြဇာကို မိုးတွေရွာနေရင်လည်း လုံးဝမကျွေးဘဲ ရပ်ထားရပါမယ်။ မိုးရွာနေရင် မိုးရေနဲ့ ပျော်ဝင်ပါသွားပြီး ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။

နေ့လယ်နေပြင်းပြင်း ပူနေတဲ့အချိန်မှာလည်း အငွေ့ပျံဆုံးရှုံးမှု အလွန်များစေနိုင်တဲ့အတွက် ဖြစ်ပါတယ်။

ယူရီးယား (ပုလဲ)မြေသြဇာကို မြေပြုပြင်ချိန်မှာ တစ်ကြိမ်တည်း မသုံးဘဲ အပင်မွားချိန်၊ ပင်မွားစုံချိန်၊ မျိုမကပ်မီ တစ်ပတ်လို တစ်ကြိမ်၊ အနုံထွက်စအချိန်၊ နို့ ရည်တည်ချိန်မှာ ငါးကြိမ်ခွဲ အသုံးပြုရင် စပါးအထွက် ခြောက်တင်းမှ ၁၆ တင်းထိ ၇ ရာခိုင်နှုန်းကနေ ၁၈ ရာခိုင်နှုန်း အထိ အထွက်တိုးနိုင်ပါတယ်။

တီစူပါမြေသြဇာကိုတော့ မြေပြုပြင်ချိန်မှာ တစ်ကြိမ်တည်း အသုံးပြုတာ အကောင်းဆုံးပါပဲ။ ပိုတက်(ရှ်) ဓာတ်မြေသြဇာကိုလည်း မြေပြုပြင်ချိန်မှာ တစ်ကြိမ်တည်း ထည့်သွင်းအသုံးပြုတာထက် ပင်မွားချိန်၊ ရှိမကပ်မီ တစ်ပတ်လိုတစ်ကြိမ်၊ အနုံစုံချိန်မှာ တစ်ကြိမ် သုံးကြိမ် ခွဲထည့်ပေးရင် စပါးအထွက် သိသိသာသာ တိုးတက်စေပါတယ်။

ဈေးအချိုဆုံးနဲ့ အထိရောက်ဆုံးဖြစ်စေမယ့် ပိုတက်စီယမ်ဓာတ်မြေသြဇာ ကျွေးခြင်း နည်းလမ်းကတော့ ပိုတက်စီယမ်နိုက်ထရိတ် (ယခင်စိမ်း)တစ်ဇကတစ်ကြိမ် ၂၅ ကျပ်သား သုံးကြိမ်အတွက် ၇၅ ကျပ်သားကို အမှုန့်ထောင်းပြီး တစ်ကြိမ်မှာ ရေဂါလန် ၂၀ နဲ့ ရောဖျန်းပေးရင် ပိုတက်(ရှ်) မြေသြဇာ ၅၆ ကီလိုအိတ်တစ်အိတ်နဲ့ ညီမျှတဲ့ အာနိသင်ရပါတယ်။ တစ်ဇကမှာ ၃၀၀၀ ကျပ်ခန့်သာ ကုန်ကျမှာ ဖြစ်ပါတယ်။ ■

ပြည်ပပို့ကုန်အလားအလာရှိသည့် တိရစ္ဆာန်အစာချဉ်ဖတ်

နေပြည်တော် ဇူလိုင် ၉

မွေးမြူရေးလုပ်ကိုင်သူများ အနေဖြင့် လွတ်ကျောင်းစနစ်အစား တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးသည့် စနစ်ကျင့်သုံးဆောင်ရွက်နိုင်ကြစေရန် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် နည်းပညာပေးခြင်း၊ ဒေသနှင့်ကိုက်ညီသော တိရစ္ဆာန်အစာပင်များ လက်တွေ့စိုက်ပျိုးပြသခြင်းများ၊ တိရစ္ဆာန် အစာချဉ် ဖတ်ပြုလုပ်နည်းများ ဖြန့်ဝေပေးခြင်းကို တိုးမြှင့်ဆောင်ရွက်လျက် ရှိသည်။

အဓိကာတ် ၆၅–၇၀ ရာခိုင်နှုန်း ရှိသော ပြောင်းပင်နှင့် အဖူးကို စဉ်းဖြတ်၍ လေကင်းမဲ့သော အခြေအနေတွင် အချဉ်ပေါက်စေပြီး စနစ်တကျသိုလှောင်၍ ရရှိလာသောချဉ်ဖတ်များသည် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များအား ကျွေးမွေးနိုင်သည့် အစာတစ်မျိုးဖြစ်သည်။ အဆိုပါချဉ်ဖတ်ကို တိရစ္ဆာန်များ နှစ်သက်ပြီး အာဟာရဓာတ်ကြွယ်ဝမှုရှိကာ နှစ်နှစ်အထိ သိုလှောင်ကျွေးမွေးနိုင်သဖြင့် ရာသီအလိုက် တိရစ္ဆာန်အစာ အခက်အခဲရှိသောဒေသများမှ မွေးမြူရေးတောင်သူများအတွက် များစွာအကျိုးရှိသောလုပ်ငန်းတစ်ခုဖြစ်သည့် အပြင် ပြည်ပပို့ကုန်အတွက်လည်း အလားအလာရှိ၍ စိတ်ပါဝင်စားသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက လိုအပ်သည့် အစီအမံများ ဆောင်ရွက်ပေးသွားမည် ဟု သိရသည်။

ချဉ်ဖတ်ပြုလုပ်ပါက အစာပင်များကို အာဟာရဓာတ် အမြင့်ဆုံးနှင့် ထွက်နှုန်းအမြင့်ဆုံး အခြေအနေတွင် ရိတ်သိမ်းနိုင်သည့်အတွက် အမြင့်ဆုံးအထွက်နှုန်းနှင့် အာဟာရတန်ဖိုးကို ရရှိမည်ဖြစ်ပြီး မြက်ခြောက်ကဲ့သို့ မီးဘေးအန္တရာယ်မရှိဘဲ သိမ်းဆည်းနိုင်မည်ဖြစ်သည်။

ယခုနှစ်ဇွန်နှင့်ဇူလိုင်အတွင်း နေပြည်တော်၊ ပခုက္ကူ၊ မကွေး၊ ပြည်၊ သရက်နှင့်ရန်ကုန်တို့တွင် တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်းနှင့် ချဉ်ဖတ်ပြုလုပ်ခြင်းသင်တန်းများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

အလားတူ ပြောင်းချဉ်ဖတ် ပြည်ပတင်ပို့နိုင်ရေးလုပ်ငန်း အစည်းအဝေးကို ဇူလိုင် ၇ ရက်က အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေး အထူးပြု ကုဗွဏီများမှ တာဝန်ရှိသူများနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြပြီး လယ်ယာထွက်ကုန်များ ကုန်သွယ်ရာတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံမှ တိရစ္ဆာန်အစာချဉ်ဖတ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ရာ အပင်များအပေါ် ကူးစက်တတ်သော ရောဂါပိုးများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး နိုင်ငံတကာ စံချိန်စံညွှန်းများ၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့အစည်း၏ သတိမှတ်ချက်များနှင့်အညီ လေ့လာအကဲဖြတ်၍ ဇွန် ၁၇ ရက်မှ စတင်ကာ စမ်းသပ်တင်သွင်း ခွင့်ရရှိခဲ့ကြောင်း သိရသည်။ AM (Agri.com)

ဆေးပက်ဝင် မုန်းညက်ပင်

"ဂျာသီ မသီ ပန်းနှင့်ညှိ"ဆိုသည့် မြန်မာ့ဆိုရိုးစကားအရ ဆယ့်နှစ်လ ရာသီပန်းများအနက် ၀ါဆိုလကို ကြိုဆိုသည့်အနေဖြင့် ပန်းပွင့်သည့် ပုန်းညက်ပင်၏ အင်္ဂလိပ်အမည်မှာ Tamuna, beauty leaf, Alexan drian laureal ဟု ခေါ်ဆိုကြပြီး ရုက္ခဗေဒအမည်မှာ Calo phyllum inophy llum ဖြစ်ကာ မျိုးရင်း Calophy llum တွင် ပါဝင်၏။

နောက်ခံသမိုင်း

ပုန်းညက်ပင်သည် အရှေ့တောင်အာရှဒေသ၊ အင်ဒိုနီးရှားနှင့် သြစတြေးလျှနိုင်ငံတို့၏ ကျွန်းဆွယ်ဒေသများတွင် စတင်ဖြစ်ထွန်း၏။ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ ကမ်းရိုးတန်းဒေသ၊ အရှေ့အာဖရိကမှသည် ပစိဖိတ်သမုဒ္ဒရာဒေသ၊ အာရှမှသည် သြစတြေးလျှနှင့် ပစိဖိတ်ကျွန်းများအထိ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးဖြစ်ထွန်းကြ၏။ ယင်းအပင်သည် ကျောက်တုံးကျောက်ခဲများသည့်မြေ၊ သဲဆန်သောပင်လယ်ကမ်းစပ်၊ ပင်လယ်ရေမျက်နှာပြင်အထက် ၂၀၀ မီတာ အမြင့် ရှိပြီး ဒီရေအတက်အကျရှိသည့် ကျွန်းအချို့တွင် ကောင်းစွာစိုက်ပျိုးဖြစ်ထွန်း၏။ သဲဆန်သော မြေနေရာတွင်ပင် ကောင်း မွန်စွာ စိုက်ပျိုးဖြစ်ထွန်းပြီး အရိပ်အာဝါသ ပေးနိုင်ရုံမျှမက အခြားသော အသုံး ပြုနိုင်စွမ်းအားများ ရှိသည့် ပုန်းညက်ပင်ကို ပစိဖိတ် ကျွန်းစုနိုင်ငံများ တွင်မူ **အထွတ်အမြတ် ထားသောအပင်** Sacred plant အဖြစ် မှတ်ယူစိုက်ပျိုးကြ၏။

မြန်မာနိုင်ငံတွင်မူ ပုန်းညက်ပင်သည် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ပေါက်ရောက်၏။ အပူပိုင်းရာသီဥတု၊ စွတ်စိုသော ပင်လယ်ကမ်းခြေဒေသများတွင် ဖြစ်ထွန်း၏။ အချို့နေရာများတွင် သဘာဝ အလျောက်ပေါက်ရောက်ပြီး အချို့ဒေသများ တွင်မူ စိုက်ပျိုးကြ၏။

အသွင်အပြင်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ

ပုန်းညက်ပန်းပင်သည် ဖွံ့ဖြိုးမှုနေးသော အမြစ်စိမ်းအပင်လတ်မျိုးဖြစ်ပြီး အပင်အမြင့် ၂၅ မီတာမှသည် ၃၅ မီတာအထိ ကြီးထွားကြ၏။ ပင်စည်မှာ ကွေ့ကောက်ကာ မီးခိုးရောင်ချောမွတ်သောအခေါက်ရှိပြီး အချင်း ၁၅၀ စင်တီ မီတာထိရှိ၏။ အပင်၏ အစိတ်အပိုင်းများအားလုံးမှ ဝါနုရောင် စေးကပ်သော အစေးထွက်ရှိ၏။ အရွက်များမှာ ဘဲ့ပုံသဏ္ဌာန် ရွက်ရင်းပိုင်းပြီး ရွက်ထိပ်ချိုင့်ကာ ရွက်ဆိုင်ထွက်လေ့ရှိ၏။ အရွက်အလျား ၄ လက်မမှ ၈ လက်မအထိ ရှည်ပြီး အကျယ် ၃ လက်မမှ ၄ လက်မထိ ရှိ၏။ အရွက်၏ မျက်နှာပြင်နှစ်ဖက်စလုံး ပြောင်ချောပြီး အပေါ်ယံမျက်နှာပြင်မှာ စိုလက်တောက်ပြောင်သော အစိမ်းရောင်ရှိပြီး ထင်ရှားသော ရွက်ကြောများဖြာလျက်ရှိ၏။ ရွက်ညှာသည် လက်မဝက်ခန့်အရွယ်အစား မှသည် တစ်လက်မခွဲခန့်အထိ ရှိ၏။

ပုန်းညက်ပန်းပွင့်ခိုင်သည် အကိုင်းဖျားရှိ အရွက်ရင်းများမှထွက်၏။ အပွင့်များသည် အဖြူရောင်ရှိပြီး ဖယောင်းသွင်းထားသကဲ့သို့ ပြောင်လက်နေပြီး လိမ္မော်ဝါရောင် ဝတ်ဆံများရှိကာ သင်းပျံ့သောမွေးရနံ့ရှိ၏။ ပန်းပွင့်တစ်ပွင့်တွင် ပွင့်ဖတ်နှင့် ပွင့်ချပ်လေးခုစီရှိပြီး ဝတ်ဆံများစွာရှိပြီး အစုလေးစုအနေဖြင့် ထွေ့ရ၏။ ဝတ်ဆံအိမ်များ အဝါရောင်မှသည် အညိုရောင်သို့ တဖြည်းဖြည်းပြောင်းသွားကြ၏။

ပုန်းညက်သီးမှာ အချင်းတစ်လက်မခန့် (၈၊လီလုံးခန့်) ရှိပြီး ချောမွတ်လုံးဝန်း၏။ ပွင့်ဖတ်များစတင် ကြွေပြီးခါစတွင် ပန်းရောင်ရှိပြီး အရွယ်အစား ကြီးလာသည့်အခါ စိမ်းဝါရောင်သို့ ပြောင်း လဲသွားကြ၏။

ဆေးပက်ဝင်အသုံးများ

ပုန်းညက်ပင်မှ ဆေးအဖြစ် အသုံးပြုနိုင်သည့် အစိတ်အပိုင်းများနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် အသုံးပြုပုံများကို စာဖတ်သူများအတွက် မျှဝေလိုက်ပါ၏။ ပန်းညက်သည် လမုပင်အမျိုးအနွယ်ဝင်ဖြစ်ပြီး အမြစ်၊ ပင်စည်၊ အရွက်၊ အစေ့တို့တွင် လူသားတို့ ကျန်းမာရေးအတွက် အထောက်အကူပြုစေသည့် ဓာတ်များစွာပါဝင်၏။ ပုန်းညက်ရွက်တွင် အဓိကပါဝင်သည့် ဓာတုဓာတ်ပေါင်းများသည် ကင်ဆာဆန့်ကျင်နိုင်စွမ်း၊ ခုခံအားကျဆင်းမှုရောဂါကို ဆန့်ကျင်နိုင်စွမ်း၊ ဗိုင်းရပ်စ်ပိုးကိုတိုက်ဖျက်နိုင်စွမ်း၊ အကြောတ်အခဲဖြစ်ခြင်းကို ဟန့်တားနိုင်စွမ်း၊ ရောင်ရမ်းနာကျင်ဆန့်ကျင်နိုင်စွမ်း၊ အလွန်သေးငယ်သောပိုးမွှားများကို တိုက်ဖျက်နိုင်စွမ်း၊ သွေးခဲခြင်းကို ဟန့်တားနိုင်စွမ်း၊ စိတ်ဝေဒနာဖြစ်ခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ အိုမင်းရင့်ရော်မှုကို နှောင့်နှေးနိုင်စွမ်း၊ ဓာတ်တိုးခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ သွေးကင်ဆာဖြစ်ခြင်းကို ဟန့်တားနိုင်စွမ်း၊ ၄င်းမှားရောဂါဖြစ်ပွားမှုကို တိုက်ဖျက်နိုင်စွမ်း၊ ကိုက်ခဲနာကျင်ခြင်းကို သက်သာနိုင်စွမ်းတို့ကို ပေး၏။

➢ ပုန်းညက်ရွက်မှထုတ်ယူရရှိသည့် ဓာတုပစ္စည်းများသည် ခုခံအားကျဆင်းမှုရောဂါဖြစ်စေသည့်ဗိုင်းရပ်စ်ကို ဟန့်တားနိုင်ခြင်း၊ အရေပြားယားနာဖြစ်ခြင်း၊ ခြေထောက်ရောင်ရမ်းနာကျင်ခြင်း၊ အပူလောင်နာများ ဖြစ်ခြင်း၊ ဝမ်းကိုက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်းနှင့် ခေါင်းမူးနောက်ခြင်း၊ အဆစ်ရောင်နာဖြစ်ခြင်း၊ ဓါးအောက်ပိုင်းမှသည် ခြေဖျားအထိနာကျင်ခြင်း၊ မျက်လုံးယားယံခြင်း အစရှိသည့်ဝေဒနာကို သက်သာစေနိုင်စွမ်းရှိသည့်ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြု၏။

➢ ထိခိုက်ရှနာဒဏ်ရာများ၊ ရောင်ရမ်းနာများ၊ အပူလောင်နာများနှင့် အရေပြားယားနာဖြစ်သည့်အခါ ပုန်းညက်ရွက်ကို အပူအပူလောင်နာများဖြစ်ခြင်း၊ ကာလသားရောဂါ၊ ပြည်တည်နာ၊ ထိခိုက်နာကျင်ခြင်း၊ အနာကြီးရောဂါ၊ အာရုံကြောဆိုင်ရာရောဂါများကို ကုသရာတွင် အသုံးပြုကြသည်။

➢ ပုန်းညက်ပင်စည်အခေါက်ကို အမျိုးသားရောဂါ ဝေ့ဝဲရောင်ရမ်းနာကျင်ခြင်းအတွက် အသုံးပြုကြ၏။

➢ ပုန်းညက်ပွင့်ကို နှလုံးအားတိုးဆေးအဖြစ် အသုံးပြုကြ၏။

➢ အသီးရင့်၏အစေ့မှ အစိမ်းရင့်ရောင်ရှိသည့် tamanu oil အဆီကို ထုတ်ယူနိုင်၏။ ယင်းအဆီကို အသားအရေ အစိုဓာတ် ထိန်းသိမ်းသည့်အလှဆီ၊ အရေပြားနုပျိုချောမွတ်စေခြင်း၊ နေလောင်ဒဏ်ကာကွယ်စေခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ ပွေးကဲ့သို့ ယားနာရောဂါများကို ကာကွယ်ပေးနိုင်ခြင်း၊ အရေပြားပေါ်တွင် အမာရွတ် ကင်းစင်နိုင်ခြင်း၊ အိုမင်းရင့်ရော်မှုကို ဟန့်တားပေးနိုင်ခြင်း အစရှိသည့် ဝေဒနာနှင့် ဆံကေသာကျန်းမာရေးတို့အတွက် အသုံးပြုကြသကဲ့သို့ ဆပ်ပြာပြုလုပ်ရာတွင်လည်း အသုံးပြုကြ၏။

မြန်ဟာ့ဗိုင်းရင်းဆေးအသုံး

မြန်မာ့ဆေးကျမ်းများအလိုအရ ပုန်းညက်ပင်၏ ပဋ္ဌေါ်းပါးသည် ချိ၏။ အေး၏။ သည်းခြေသလိပ်ကို ပယ်တတ်၏။ သွေးကိုချေပ်စေ၏။ ပုန်းညက်ပွင့်သည် သွေး၊ သည်းခြေတို့ကိုလည်းကောင်း၊ လေသလိပ်တို့ကိုလည်းကောင်း၊ မူးဝေသော အနာကိုလည်းကောင်း၊ နာ၊ မျက်စိတို့တွင် လေထွက်သော အနာတို့ကိုလည်းကောင်း ချမ်းသာစေတတ်သည်ဆိုအ၏။

ပုန်းညက်အရွက်ကို ရေစိမ်ပြီး မျက်စဉ်းခပ်ပေးလျှင် မျက်စိပူလောင်ခြင်းကို ပျောက်စေ၏။ ပုန်းညက်အခေါက်ကို ပြုတ်သောက်ပါက သွေးသွန်ခြင်းကိုပျောက်၏။ အခေါက်မှ ထုတ်ယူရရှိသော အစေးကို ဒဏ်ရာများနှင့် အနာများအတွက် ဆေးဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြု၏။ အစေ့မှထုတ်ယူရရှိသည့်အဆီကို အကြောအဆစ်အမြစ် ကိုက်ခဲခြင်းရောဂါ၊ ကာလသားညောင်းကျရောဂါ၊ နှနာနှင့် အခြားသော အရေပြားရောဂါများတွက် ဆေးဖော်စပ် အသုံးပြု၏။

အခြားအသုံးများ

➢ ပုန်းညက်ပင်ကို ချုံတန်းစည်းရိုးအဖြစ်လည်းကောင်း၊ လမ်းသေးဝယာတစ်လျှောက် အလှစိုက်အပင်အဖြစ်လည်းကောင်း၊ လေကာပင်အဖြစ်လည်းကောင်း စိုက်ပျိုးကြ၏။

➢ ပုန်းညက်ပင်၏ပင်စည်အသားမှာ အလွန်ခိုင်ခဲ့သည့်အတွက် လေ့မျှားတည်

စာ – ၁၆ သို့



ur[illegible]uDmykHuufoe[illegible]D

အင်္ဂလန်နိုင်ငံသား ပီတာဂလာဒီဘရော့ခ် စိုက်ပျိုးထားသော ကြက်သွန်နီ စိုက်ခင်းမှ ကမ္ဘာ့အကြီးဆုံး ကြက်သွန်နီဥကြီးတစ်လုံး ထွက်ရှိခဲ့ရာ အဆိုပါကြက်သွန်နီဥကြီးသည် ကမ္ဘာ့အကြီးဆုံး ကြက်သွန်နီဥကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခံခဲ့ရသည်။

အင်္ဂလန်နိုင်ငံ နေဝတ်ခ်မြို့သား တောင်သူတစ်ဦးက သူ၏ စိုက်ခင်းမှ ကန်စွန်းဥတစ်လုံးသည် ကြီးထွားဖွံ့ဖြိုးမှုအားကောင်းခဲ့ရာ ကမ္ဘာ့အကြီးဆုံး ကန်စွန်းဥအဖြစ် ကမ္ဘာ့ဂင်းနက်စ် မှတ်တမ်းတွင် ထည့်သွင်းဖော်ပြ ခံရသည်။(ပုံ)

ခါလီဖိုးဆမ်ဟက်အမည်ရှိ အဆိုပါ လက်ဘန္ဓနိုင်ငံသားသည် နီဂယ်လ်ကာမွန်ဒီအရပ်ဒေသရှိ သူ၏ ကန်စွန်းဥစိုက်ခင်းမှ ထွက်ရှိသော ကန်စွန်းဥများအနက် ကန်စွန်းဥတစ်လုံး၏ အရွယ်အစားမှာ ထူးခြားစွာဖွံ့ထွားလျက်ရှိကြောင်း တွေ့ရှိခဲ့ရသည်။ ထို့နောက် ယင်းကန်စွန်းဥကို ကူးဖော်ရမည် သတ်မှတ်ကာလ ယခုဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့ခြင်းမှာ သူ၏တောင်သူသက်တမ်း နှစ် ၃၀ အတွင်း ပထမအကြိမ်မဟုတ်ဘဲ ယခင်ကလည်း သူ၏ စိုက်ခင်းများမှ ထွက်ရှိသော သခွားမွေး၊ အာလူးနှင့်မုန်လာဥများမှာလည်း ယခင်နှစ်များက ကမ္ဘာ့အကြီးဆုံးဂင်းနက်စ်မှတ်တမ်းတင်ခြင်း ခံခဲ့ရသည်။

GNC

ကမ္ဘာ့အကြီးဆုံး ကန်စွန်းဥ

အကြီးဆုံး ရှောက်သံပရိသီးများ

အစ္စရေးနိုင်ငံ စိုက်ခင်းတစ်ခုတွင် စိုက်ပျိုးရေးသမားတစ်ဦး ဖြစ်သည့် အေဟာရွန်ရီမ်ုန် စိုက်ပျိုးထားသည့် ရှောက်သံပရိစိုက်ခင်းမှ ထွက်ရှိသော ရှောက်သံပရိသီး နှစ်လုံးတွဲမှာ ကမ္ဘာ့ပေါ်တွင် အကြီးမားဆုံး ရှောက်သံပရိသီးများ အဖြစ် အသိအမှတ်ပြုခြင်း ခံရသည်။

အဆိုပါ ရှောက်သံပရိသီး နှစ်လုံးတွဲတွင် တစ်လုံးစီ၏ အလေးချိန်မှာ ၁၁ ပေါင်စီအသီးသီးရှိကြောင်း သိရသည်။ အစ္စရေးနိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီသည့် ရှောက်သံပရိသီးမျိုးစိတ်ကို စိုက်ပျိုး ခဲ့ခြင်းဖြစ်ပြီး သူ၏ရှောက်သံပရိသီး စိုက်ခင်းတွင် သာမန်စိုက်ခင်းများ ထက် အထွက်နှုန်းကောင်းကာ အရွယ်အစားလည်း ကြီးမားသည်။

အစ္စရေးနိုင်ငံ၏ သဘာဝ မြေပြင်အနေအထားသည် သစ်သီးဝလံများ စိုက်ပျိုးဖြစ်ထွန်းနိုင်မှု အားမကောင်းသော်လည်း အစ္စရေး စိုက်ပျိုးရေးသမားများ၏ ကြိုးစားအားထုတ်မှု၊ နည်းပညာကောင်းမွန်မှု၊ မျိုးစိတ်ရွေးချယ်နိုင်မှု၊ စိုက်ပျိုးနည်းစနစ်များ ကောင်းမွန်မှုနှင့် မြေယာပြုပြင်ထိန်းသိမ်းနိုင်မှုများ ကြောင့် သီးနှံအထွက်ကောင်းမွန်ခြင်း ဖြစ်သည်။

The Travel

ဆိုသည်။ Hebei ပြည်နယ်ကလယ်သမားလီကလည်း ပြီးခဲ့သည့် နှစ်များက ပဲပုပ်နှင့် လူး/ဆတ် စိုက်ခဲ့သည့်နေရာများတွင် ပြောင်းကို ပြန်စိုက်မည်ဟု ဆိုသည်။ "ကျွန်ုပ်တို့မှာ အခြားသီးနှံတွေ စိုက်ဖို့ အတွေ့အကြုံ သိပ်မရှိဘူး၊ ဂျုံရိတ်ပြီးရင် ပြောင်းကို အခြစိုက်နေတာ အသားကျနေပြီ၊ နှစ်ပေါင်းကြာပါပြီ၊ မျိုးဆက်တစ်ခုပြီးတစ်ခုပေါ့"ဟု ၎င်းက ဆိုသည်။

ထွန်းသက်ပိုင်

ကျောဖုံး – တရုတ်လယ်သမားမှ

ဆန့်ကျင်အကျိုးသက်ရောက်မှု အဖြစ် ပဲပုပ်တင်သွင်းမှုကို မြင့်တက်စေနိုင်သည်။ USDA က ၂၀၂၁–၂၀၂၂ တွင် တရုတ်၏ ပဲပုပ်တင်သွင်းမှု တန် ၁၀၃ သန်းသို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ယမန်နှစ်တင်သွင်းမှု မှာ တန် သန်း ၁၀၀ ဖြစ်သည်။ ပဲပုပ်ကို အမေရိကန်နှင့် ဘရာဇီးမှ တင်သွင်းခြင်း ဖြစ်သည်။

"ကျွန်တော်တို့ ပြောင်း ၂၅ ရာခိုင်နှုန်းတိုးစိုက်တယ်ဆိုရင် ပဲပုပ် စိုက်ဧရိယာ ၂၅ ရာခိုင်နှုန်း လျော့သွားတာပဲပေါ့"ဟု Heilongjian ပြည်နယ်ရှိ ပဲပုပ်ဧရိယာ များ ရာခိုင်နှုန်းတိုးစိုက်တယ်ဆိုရင် ပဲပုပ် စိုက်ဧရိယာ ၂၅ ရာခိုင်နှုန်း လျော့သွားတာပဲပေါ့"ဟု Heilongjian ပြည်နယ်ရှိ ပဲပုပ်ဧရိယာ များ ဖြစ်သူ မစ္စတာဟန်သည် ယခုနှစ်တွင် မွန်ဂိုလီးယားနယ်စပ်အနီးရှိ ပဲပုပ်စိုက်သော ၎င်း၏မြေ ၈၀ ရာခိုင်နှုန်း၌ ပြောင်းစိုက်မည်ဟု ပြောကြားခဲ့ကြောင်း ဆိုသည်။

လယ်သမားနောက်တစ်ဦး ကတော့ ပြီးခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကတည်းက ကျွန်တော်တို့ဟာ ပဲပုပ်ကို ကုန်ကြမ်းအနေနဲ့ ရောင်းချခဲ့ကြတယ်။ ဒီနှစ်ကတော့ ကျွန်တော်တို့ ပြောင်းတွေ ပိုစိုက်ကြတယ်။ ကျွန်တော်တို့ ပြောင်းတွေ ပိုစိုက်ကြတယ်"ဟု ဆိုသည်။



တိရစ္ဆာန်အစာပင် ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချရန် စီစဉ် လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ် နည်းပညာပေးသင်တန်းများ နိုင်ငံတစ်ဝန်း ဖွင့်လှစ်မည်

ပြည်တွင်းပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်သည့် တိရစ္ဆာန်အစာပင် ဈေးကွက်ပေါ်ပေါက်လာစေရန် လိုအပ်သည့် နည်းပညာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မွေးမြူရေး လုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေး တောင်သူများကို ဖြန့်ဝေပေးသွားမည်ဟု သိရသည်။

မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ အထွက်နှုန်းတိုးတက်ကောင်းမွန်လာစေရန်နှင့် မိရိုးဖလာ မွေးမြူရေးလုပ်ကိုင်သောစနစ်မှ တိရစ္ဆာန်အစာပင်စိုက်ပျိုးပြီး ရိတ်သိမ်းကျွေးမွေးသည့် Cut and Carry စနစ်သို့ ပြောင်းလဲလုပ်ကိုင်တတ်စေရန်လည်း ရည်ရွယ်ထားသည်ဆိုး၏။

ဧရိယာလမ္ဘစတင်ကာ တိုင်းဒေသကြီးနဲ့ပြည်နယ်များမှ ဝန်ထမ်းများကို စတင်သင်ကြားပေးပြီး ၎င်းတို့ကတစ်ဆင့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေး တောင်သူတွေကိုပါ ဆင့်မှားနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဟုသိရသည်၊ တိရစ္ဆာန်အစာပင် စိုက်ပျိုး ထုတ်လုပ်ရောင်းချခြင်းကို ပြည်တွင်း သာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလိုသော ကုမ္ပဏီများနှင့် လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။

နောင်အခါတွင် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်း ကာ ပြည်ပဈေးကွက်ကိုပါ တင်ပို့ရောင်းချသွားရန် စီစဉ်လျက်ရှိသည်။

Ever Green Grass စိုက်ပျိုးမှုဆိုင်ရာ နည်းပညာပေးသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မွေးမြူရေးနှင့် စိုက်ပျိုးရေးတောင်သူများကို ဖြန့်ဝေပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အတွင်း မြို့နယ်များမှ ဝန်ထမ်းများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဂရိတ်ဝေါကုမ္ပဏီတို့ပူးပေါင်းကာ ပျဉ်းမပင်နို့စားနွားမွေးမြူရေး သုတေသနနှင့် သရုပ်ပြခြံရှိ မြေတစ်ဧကတွင် စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှတိရစ္ဆာန်အစာချဉ်ပတ်များကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ကူးစက်တတ်သောရောဂါပိုးများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး နိုင်ငံတကာစံချိန်စံညွှန်းများ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့အစည်း၏ သတ်မှတ်ချက်များနှင့်အညီ လေ့လာအကဲဖြတ်၍ ဇွန်လ ၁၅ ရက်မှစတင်ကာ စမ်းသပ်တင်သွင်းခွင့် ရရှိခဲ့ကြောင်းသိရသည်။

ဇော်လင်းထွန်း

သုံးသီးစား သီးနှံပုံစံစိုက်ပျိုး ဝင်ငွေတိုး

မောင်စိုက်ပျိုး
(ကန့်ဘလူ)

မြန်မာ နိုင်ငံမှာ မြန်မာပြည် အောက်ပိုင်း၊ အလယ်ပိုင်းနဲ့ အထက်ပိုင်းဒေသတွေမှာ ဒေသအလိုက် သီးထပ်သီးနှံပုံစံ၊ သီးညှပ်သီးနှံပုံစံ၊ သီးရောသီးနှံပုံစံ အမျိုးမျိုးစိုက်ပျိုးလျက်ရှိပါတယ်။ အကျိုးအမြတ်ရရှိမှုကလည်း ကွာခြားပါတယ်။

မြန်မာနိုင်ငံ အောက်ပိုင်းဒေသဖြစ်တဲ့ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မွန်၊ ကရင်ဒေသတွေမှာ မိုးစပါးအပြီး ဆောင်းသီးနှံ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံနဲ့ ဟင်းသီးဟင်းရွက်တို့ကို သီးထပ်အဖြစ် စိုက်ပျိုးကြပါတယ်။ ဒီသီးထပ်စိုက်ခင်းများမှာဘဲ ပဲမျိုးစုံနဲ့နေကြာသီးညှပ်၊ ဆီထွက်သီးနှံနဲ့ နေကြာသီးရောဝါ၊ နေကြာ အတန်းလိုက် ထည့်တဲ့သီးညှပ်စိုက်ပျိုးကြပါတယ်။ ယာမြေတွေမှာတော့ မိုးရာသီမှာ နှမ်း၊ မြေပဲ၊ မိုးပဲတီစိမ်း သီးသန့်စိုက်ကြပါတယ်။ ယာမြေသီးသန့်စိုက်ခင်းတွေမှာပဲ နှမ်းနဲ့ နေကြာသီးညှပ်၊ သီးရော၊ မြေပဲ၊ နေကြာ သီးညှပ်သီးရော၊ မြေပဲအစေ့ထုတ်ပြောင်း သီးညှပ်သီးရော သီးနှံပုံစံများ စိုက်ပျိုးကြပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ အထက်ပိုင်းဒေသတွေဖြစ်တဲ့ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရှမ်းဒေသတွေမှာလည်း ယာမြေတွေမှာ မိုးကြိုနှမ်း၊ မြေပဲ၊ မိုးအစေ့ထုတ်ပြောင်း၊ ပဲတီစိမ်းနဲ့ ဆောင်းကုလားပဲသီးနှံပုံစံတွေ စိုက်ပျိုးကြပါတယ်။

အဆိုပါဒေသတွေမှာလည်း ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ အစေ့ထုတ်ပြောင်းသီးနှံများ စိုက်ပျိုးရာမှာ သီးသန့်စိုက်ခင်းများ စိုက်ပျိုးရာတွင် ကုလားပဲ၊ ပဲတီစိမ်းခင်းမှာ ပြောင်းသီးညှပ်၊ သီးရောသီးနှံပုံစံ စိုက်ပျိုးကြတာ တွေ့ရပါတယ်။

ပင်မသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး သီးညှပ်၊ သီးရောသီးနှံကို အပိုဝင်ငွေအဖြစ် စိုက်ပျိုးကြတာ ဖြစ်ပါတယ်။

အချို့အလယ်ပိုင်း မကွေး၊ မန္တလေး၊ စစ်ကိုင်းအောက်ပိုင်းဒေသတွေမှာ ပဲစင်းငုံနဲ့ နှမ်းကို သီးညှပ်စိုက်ပျိုးကြပြီး သီးနှံနှစ်မျိုးလုံးကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပါတယ်။ အချို့ဝေါ့ရတစ်ခင်းတွေမှာ ဝရတ်အကျ နေကြာအထဆိုပြီး နေကြာသီးညှပ် စိုက်ကြပါတယ်။ မြန်မာနိုင်င်အလယ်ပိုင်း၊ အထက်ပိုင်းနဲ့ ရှမ်းကုန်းပြင်မြင့်ဒေသတွေမှာ ထူးခြားတဲ့သီးနှံပုံစံကတော့ မိုးရာသီမှာ အစေ့ထုတ်ပြောင်း၊ အစေ့ထုတ်ပြောင်းခင်း ထဲမှာ မရိတ်ခင် ပဲတီစိမ်းသီးညှပ်၊ သီးကြို စိုက်ပျိုးပြီး အစေ့ထုတ်ပြောင်းရော၊ ပဲတီစိမ်းနဲ့ပါ ရိတ်သိမ်းပြီးရင် ဆောင်းမှာ သက်လျင်နှမ်း (သို့မဟုတ်) ပန်းနှမ်း စိုက်ပျိုးတဲ့ သီးနှံပုံစံ ဖြစ်ပါတယ်။

အဆိုပါသီးနှံပုံစံစိုက်ပျိုးရာမှာ ဦးစွာ မိုးအစေ့ထုတ်ပြောင်း စိုက်ပျိုးဖို့ ပြင်ဆင် ရမှာ ဖြစ်ပါတယ်။ ဧပြီ၊ မေမှာ နွေထယ်ရေး၊ အခြောက်ထယ်ရေး မိုးကြိုထယ်ရေး ပြုပြင်ရမှာ ဖြစ်ပါတယ်။ မေ၊ ဇွန် မှတ်သုံ မိုးဦးစတင်ရဲ့ဆိုတာနဲ့ ထယ်ရေးကောင်းအောင် မြေယာပြုပြင်ပြီး တစ်တန်းနဲ့ တစ်တန်းနှစ်ပေခွဲတန်းကြား၊ တစ်ပင်နဲ့ တစ်ပင် ကိုးလက်မခြား ကြောင်းဆွဲစိုက်ပျိုးရမှာ ဖြစ်ပါတယ်။ တစ်ဧကမှာ အပင်အရေအတွက် ၂၅၀၀၀–၃၀၀၀၀ ပြည့်အောင် စိုက်ပျိုးရမှာ ဖြစ်ပါတယ်။ သတ်မှတ်တဲ့ အပင်အရေအတွက်လည်း ပြည့်ဝအောင် သတ်မှတ်အပင်ဦးရေမပြည့်ရင် အထွက်နှုန်း ၄၀–၆၀ ရာခိုင်နှုန်းထိ ကျဆင်းနိုင်ပါတယ်။ ဓာတ်မြေသြဇာသဘာဝမြေသြဇာလည်း အလုံအလောက် ထည့်ပေးမယ်ဆိုရင် တစ်ဧက တင်း ၈၀–၁၀၀ ထွက်နိုင်ပါတယ်။ ဓာတ်မြေသြဇာအလုံအလောက်မထည့်ရင် အထွက်နှုန်း ၆၀ ရာခိုင်နှုန်းထိ ကျဆင်းနိုင်ပါတယ်။

အစေ့ထုတ်ပြောင်းသီးနှံ အတွက် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာကို မဖြစ်မနေထည့်ပေးဖို့ လိုအပ်ပါတယ်။ သဘာဝမြေသြဇာနွားချေး၊ သဘာဝမြေသြဇာ တစ်ဧကလုပ်ငန်း ၁၀ စီးကို နွေထယ်ရေး၊ ဖြစ်ပါတယ်။ ဧပြီ၊ မေမှာ နွေထယ်ရေး၊ အခြောက်ထယ်ရေး မိုးကြိုထယ်ရေး ပြုပြင်ရမှာ ဖြစ်ပါတယ်။ မေ၊ ဇွန် မှတ်သုံ မိုးဦးစတင်ရဲ့ဆိုတာနဲ့ ထယ်ရေးကောင်းအောင် မြေယာပြုပြင်ပြီး တစ်တန်းနဲ့ တစ်တန်းနှစ်ပေခွဲတန်းကြား၊ တစ်ပင်နဲ့ တစ်ပင် ကိုးလက်မခြား ကြောင်းဆွဲစိုက်ပျိုးရမှာ ဖြစ်ပါတယ်။ တစ်ဧကမှာ အပင်အရေအတွက် ၂၅၀၀၀–၃၀၀၀၀ ပြည့်အောင် စိုက်ပျိုးရမှာ ဖြစ်ပါတယ်။ သတ်မှတ်တဲ့ အပင်အရေအတွက်လည်း ပြည့်ဝအောင် သတ်မှတ်အပင်ဦးရေမပြည့်ရင် အထွက်နှုန်း ၄၀–၆၀ ရာခိုင်နှုန်းထိ ကျဆင်းနိုင်ပါတယ်။

သတ်မှတ်တဲ့ အပင်အရေအတွက်လည်း ပြည့်ဝအောင် သတ်မှတ်အပင်ဦးရေမပြည့်ရင် အထွက်နှုန်း ၄၀–၆၀ ရာခိုင်နှုန်းထိ ကျဆင်းနိုင်ပါတယ်။ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာ အလုံအလောက်ထည့်ပေးမယ်ဆိုရင် တစ်ဧက တင်း ၈၀–၁၀၀ ထွက်နိုင်ပါတယ်။

ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ပြောင်းပင်အမြင့် ၂–၃ ပေကျော်ရှိသွားရင် ပေါင်းလိုက်ဖို့ မလိုတော့ပါ။ အစေ့ထုတ်ပြောင်း တစ်ဧကအတွက် တီစူပါ ၁၁၂ ပေါင်နှင့် ပိုတက်ရှ ၁၁၂ ပေါင်တို့ကို စိုက်ပျိုးချိန်မှာ တစ်ပါတည်းထည့်ပေးဖို့ လိုအပ်ပါတယ်။

အသုံးပြုသင့်တဲ့ အစေ့ထုတ်ပြောင်း မျိုးများမှာ ဆင်းဇကရီ ရေဆင်းစပ်မျိုး ၁၀၊ ရေဆင်းစပ်မျိုး ၁၁ မျိုးများကို အသုံးပြုသင့်ပါတယ်။ အစေ့ထုတ်ပြောင်း ပိုးမွှားကာကွယ်နှိမ်နင်းရာမှာ တစ်လသားအတွင်း ကျရောက်တတ်တဲ့ ရွက်စားပိုးပင်၊ ဖြတ်ပိုး၊ အညွှန့်ထိုးပိုး၊ ပျများကို ပင်လုံးပြန့် ပိုးသတ်ဆေး တစ်မျိုးမျိုးနဲ့ ကာကွယ်နှိမ်နင်းဖို့ လိုအပ်ပါတယ်။

အစေ့ထုတ်ပြောင်းစိုက်ခင်းထဲမှာ ပဲတီစိမ်းသီးညှပ်၊ သီးကြိုစိုက်ပျိုးဖို့ ပြင်ဆင်ရပါမယ်။ မိုးအစေ့ထုတ် ပြောင်းဟာ အောက်တိုဘာ၊ နိုဝင်ဘာတွင် ရိတ်သိမ်းရပါမယ်။ မရိတ်သိမ်းမီ ကြိုတင် ပြီး သြဂုတ်မှာ ပဲတီစိမ်းကို ပြောင်းတန်းကြားတွင် စိုက်ပျိုးရပါတယ်။ အစေ့ထုတ်ပြောင်း တန်းရဲ့ဘေးမှာ တစ်ကျင်းနဲ့ တစ်ကျင်း ကိုးလက်မခြားကို ပေါက်ပြားနဲ့ (၁၅မှ မဟုတ်) သစ်သားစူးနဲ့ ကျင်းဖောက်ပြီး ၎င်းကျင်းထဲမှာ ပဲတီစိမ်းအစေ့ ၂–၃ စေ့ချစိုက်ပြီး ခြေနဲ့နင်း မြေပြန်ဖုံးပေးရပါမယ်။ ၁၀ ရက်ခန့်ကြာရင် အစေ့ထုတ်ပြောင်းတန်းကြားမှာ ပဲတီစိမ်းပင်များ အတန်းလိုက်ပေါက်လာပါတယ်။ ပဲတီစိမ်းကလည်း အစေ့ထုတ်ပြောင်းနဲ့အတူ အောက်တိုဘာ၊ နိုဝင်ဘာမှာ ရိတ်သိမ်းရပြီး တစ်ဧက ၁၀ တင်းမှ ၁၅ တင်းထွက်ရှိနိုင်ပါတယ်။ မြေနေရာသီးသန့်မလို၊ မြေပြုပြင် ထွန်ယက်စရာသီးသန့်မလို၊ ဓာတ်မြေသြဇာ အသင့်အတင့် ကျွေးရုံမျှနဲ့ အထွက်ကောင်းပြီး အကျိုးအမြတ်ရစေပါတယ်။ ပဲတီစိမ်းမျိုးကတော့ ရေဆင်း ၆၊ ရေဆင်း ၉၊ ရေဆင်း ၁၊ စိုက်ပျိုးရေး ၁၊ ရေဆင်း ၅ တွေ သုံးသင့်ပါတယ်။

အစေ့ထုတ်ပြောင်းနဲ့ပဲတီစိမ်း ရိတ်သိမ်းပြီးပါက ပြောင်းရိုးများ၊ ပဲတီစိမ်းပင်ကျန်များ အားလုံးထယ်ထိုးထွန်မွေပြီး မြေဆီလွှာအတွင်း ဖုံးပေးထားခြင်းဖြင့် မြေဆီလွှာရဲ့ မြေဆီဩဇာဓာတ်တက်လာစေပါတယ်။ မြေကျထယ်ထိုးမြေလုံ့ မြေယာပြုပြင်ပြီး ဆောင်းရာသီ နှမ်း (သို့မဟုတ်) ပန်းနှမ်းကို တတိယသီးနှံအဖြစ် စိုက်ပျိုးရန်ပင်တဲ့အတွက် အကျိုးအမြတ်ထပ်မံရရှိနိုင်မှာ ဖြစ်ပါတယ်။ နှမ်းမျိုးကတော့ အထွက်ကောင်းတဲ့ ဆင်းရဲတနာ ၃၊ ဆင်းရဲတနာ ၄၊ ဆင်းရဲတနာ ၅ တို့ ဖြစ်ပါတယ်။ မြေတစ်ဧကပေါ်မှ သုံးသီးရရှိပြီး တောင်သူလယ်သမားကြီးများ အတွက် အကျိုးများပြီး စီးပွားတိုးနိုင်တဲ့ သီးနှံပုံစံဖြစ်တဲ့အတွက် လက်မလွတ်တမ်း စိုက်ပျိုးကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ■

၂၀၂၁ ခုနှစ် ဇွန်လတွင် ကမ္ဘာ့ပြောင်းဈေးကွက် ရတ်တရက် မြင့်တက်

တင်မျိုးနွယ်

အီတလီနိုင်ငံ ရောမမြို့ အခြေစိုက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture - FAO) က The Global Maize Market snapshot in June 2021 ခေါင်းစဉ်ဖြင့် ၂၈–၆–၂၀၂၁ ရက်တွင် ထုတ်ပြန်သည့်စာစောင်တွင် ၂၀၂၁ ခုနှစ် ဇွန်လအပြည်ပြည်ဆိုင်ရာ ဈေးနှုန်းများတွင် ပြောင်းဈေးနှုန်းသည် လွန်ခဲ့သည့်နှစ် ဇွန်လနှင့် နှိုင်းယှဉ်ပါက ၆၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊

ဈေးနှုန်း အတက်အကျ ရှိဆဲဖြစ်သော်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း၊ မေလအတွင်း အမြင့်ဆုံးရောက်ရှိခဲ့ရာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ နောက်ပိုင်းတွင် အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်း၊

မေလအတွင်း ဈေးနှုန်း ရုတ်တရက်မြင့်တက်ခဲ့ခြင်းမှာ တင်ပို့ကုန်ရရှိမှု အကျပ်အတည်း၊ တရုတ်နိုင်ငံမှ မျှော်မှန်းမထားသည့် ဝယ်လိုအား ရုတ်တရက် မြင့်တက်မှုနှင့် အဓိကဝယ်ယူသည့် နိုင်ငံအများအပြားတွင် ကိုဗစ်အလွန် စီးပွားရေးပြန်လည်နာလန်ထူမှုကြောင့် ကမ္ဘာအနှံ့ ဝယ်လိုအားခိုင်မာလာသည့် မျှော်လင့်ချက်များကြောင့် ဖြစ်ကြောင်း၊

အဓိက ပြောင်းတင်ပို့သည့် နိုင်ငံများအနက် အမေရိကန်ပြည်ထောင်စုတွင် တစ်နှစ်အတွင်း စံချိန်တင် တင်ပို့မှုများနှင့် ကြီးမားသည့် ပြည်တွင်းစားသုံးမှုကြောင့် ပြောင်းသိုလှောင်မှု ပမာဏမှာ ၂၀၁/၁၃ နောက်ပိုင်း အနိမ့်ဆုံး အဆင့်သို့ရောက်ရှိခဲ့ရာ ရောင်းလိုအား အကျပ်အတည်း ဖြစ်လျက်ရှိကြောင်း၊

အခြားအဓိကတင်ပို့သည့် နိုင်ငံများအနက် ဘရာဇီးနိုင်ငံမှ ပြောင်းဈေးနှုန်းမှာ ယခင်နှစ်ထက် နှစ်ဆနီးပါးမြင့်တက်ခဲ့ကြောင်း၊ ဘရာဇီးနှင့်အာဂျင်တီးနာနိုင်ငံတို့မှ တင်ပို့မှုများသည် ၎င်းတို့နိုင်ငံများ၏ ငွေကြေးတန်ဖိုးကျဆင်းမှုနှင့် အဓိကတင်သွားသည့်နိုင်ငံများ၏ ငွေကြေးတန်ဖိုးမြင့်တက်မှုများက အထောက်အကူဖြစ်စေခဲ့ကြောင်း၊

အဓိကတင်ပို့သည့်နိုင်ငံများတွင် ပြောင်းဝယ်ယူရရှိရေးမှ အခြေအနေနှင့် ကပ်ရောဂါကြောင့် ရောင်းလိုအားထိခိုက်မှုများနှင့် ပတ်သက်၍ မရေရာမှုများ၊ ရှိသော်လည်း ကမ္ဘာ့ပြောင်းရောင်းဝယ်မှုသည် ဆက်လက်ကောင်းမွန်ကောင်းကောင်း ရှိနေသည်ဟု ယူဆကြောင်း ဖြစ်ကြောင်း၊

အဓိက ပြောင်းတင်ပို့သည့် နိုင်ငံများအနက် အမေရိကန်ပြည်ထောင်စုတွင် တစ်နှစ်အတွင်း စံချိန်တင် တင်ပို့မှုများနှင့် ကြီးမားသည့် ပြည်တွင်းစားသုံးမှုကြောင့် ပြောင်းသိုလှောင်မှု ပမာဏမှာ ၂၀၁/၁၃ နောက်ပိုင်း အနိမ့်ဆုံး အဆင့်သို့ရောက်ရှိခဲ့ရာ ရောင်းလိုအား အကျပ်အတည်း ဖြစ်လျက်ရှိကြောင်း၊

အခြားအဓိကတင်ပို့သည့် နိုင်ငံများအနက် ဘရာဇီးနိုင်ငံမှ ပြောင်းဈေးနှုန်းမှာ ယခင်နှစ်ထက် နှစ်ဆနီးပါးမြင့်တက်ခဲ့ကြောင်း၊ ဘရာဇီးနှင့်အာဂျင်တီးနာနိုင်ငံတို့မှ တင်ပို့မှုများသည် ၎င်းတို့နိုင်ငံများ၏ ငွေကြေးတန်ဖိုးကျဆင်းမှုနှင့် အဓိကတင်သွားသည့်နိုင်ငံများ၏ ငွေကြေးတန်ဖိုးမြင့်တက်မှုများက အထောက်အကူဖြစ်စေခဲ့ကြောင်း၊

အဓိကတင်ပို့သည့်နိုင်ငံများ တွင် ပြောင်းဝယ်ယူရရှိရေးမှ အခြေအနေနှင့် ကပ်ရောဂါကြောင့် ရောင်းလိုအားထိခိုက်မှုများနှင့် ပတ်သက်၍ မရေရာမှုများ၊ ရှိသော်လည်း ကမ္ဘာ့ပြောင်းရောင်းဝယ်မှုသည် ဆက်လက်ကောင်းမွန်ကောင်းကောင်း ရှိနေသည်ဟု ယူဆကြောင်း ဖြစ်ကြောင်း၊

ဈေးနှုန်း အတက်အကျ ရှိဆဲဖြစ်သော်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း၊ မေလအတွင်း အမြင့်ဆုံးရောက်ရှိခဲ့ရာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ နောက်ပိုင်းတွင် အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်း၊

မေလအတွင်း ဈေးနှုန်း ရုတ်တရက်မြင့်တက်ခဲ့ခြင်းမှာ တင်ပို့ကုန်ရရှိမှု အကျပ်အတည်း၊ တရုတ်နိုင်ငံမှ မျှော်မှန်းမထားသည့် ဝယ်လိုအား ရုတ်တရက် မြင့်တက်မှုနှင့် အဓိကဝယ်ယူသည့် နိုင်ငံအများအပြားတွင် ကိုဗစ်အလွန် စီးပွားရေးပြန်လည်နာလန်ထူမှုကြောင့် ကမ္ဘာ့အနှံ့ ဝယ်လိုအားခိုင်မာလာသည့် မျှော်လင့်ချက်များကြောင့် ဖြစ်ကြောင်း၊

ဈေးနှုန်း အတက်အကျ ရှိဆဲဖြစ်သော်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း၊ မေလအတွင်း အမြင့်ဆုံးရောက်ရှိခဲ့ရာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ နောက်ပိုင်းတွင် အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်း၊

မေလအတွင်း ဈေးနှုန်း ရုတ်တရက်မြင့်တက်ခဲ့ခြင်းမှာ တင်ပို့ကုန်ရရှိမှု အကျပ်အတည်း၊ တရုတ်နိုင်ငံမှ မျှော်မှန်းမထားသည့် ဝယ်လိုအား ရုတ်တရက် မြင့်တက်မှုနှင့် အဓိကဝယ်ယူသည့် နိုင်ငံအများအပြားတွင် ကိုဗစ်အလွန် စီးပွားရေးပြန်လည်နာလန်ထူမှုကြောင့် ကမ္ဘာ့အနှံ့ ဝယ်လိုအားခိုင်မာလာသည့် မျှော်လင့်ချက်များကြောင့် ဖြစ်ကြောင်း၊

ကမ္ဘာ့ပြောင်းဈေးကွက်၏ ရာခိုင်နှုန်းအများအပြားမှာ တိရစ္ဆာန်အစားအစာနှင့် စက်မှုကုန်ကြမ်းအတွက် ဝယ်လိုအားများ ဖြစ်ခြင်းကြောင့် ချမ်းသာသောနိုင်ငံများထက် ဆင်းရဲသောနိုင်ငံများတွင် ဝင်ငွေပြောင်းလဲမှု အလားအလာရှိကြောင်း၊ သို့ရာတွင် ပြောင်းကို စားသောက်ကုန်အဖြစ် သုံးစွဲပါက ဖြစ်နိုင်ခြေနည်းကြောင်း၊

သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ ဈေးနှုန်းများ လျှော့ချခြင်းက စီးပွားရေးအရ ထိလွယ်ရှလွယ်ရှိသောနိုင်ငံများအတွက် အပြည်ပြည်ဆိုင်ရာ ဈေးကွက်မှဝယ်ယူမှုကို ပြန်လည်စတင်နိုင်မည့် အခွင့်အရေး တစ်ရပ်ဖြစ်စေနိုင်ကြောင်း၊

ကမ္ဘာတစ်ဝန်း စီးပွားရေး တိုးတက်မှုသည် ကပ်ရောဂါကြောင့် ထိခိုက်မှုများကို ပြန်လည်ချိန်ညှိနေရဆဲဖြစ်ပြီး ယင်းကိုက်ညီမှုများသည် ကုန်ပစ္စည်းဈေးကွက်များကို အတက်အကျဖြစ်စေသည်ကြောင်းဖြင့် ယနေ့ပြောင်းဈေးကွက်တွင် ယင်းအချက်များကို တွေ့မြင်ရသည်ဟုသိရသည်။

တင်မျိုးနွယ်

မြန်မာနိုင်ငံ ကုန်သွယ်မှု အခြေအနေ

ကိုဝမ်ကြောင့် ကြက်သွန်နီတင်ပို့မှု အလားအလာမကောင်း

တာချီလိတ်ခရိုင် မိုင်းယုမြို့မှတစ်ဆင့် တရုတ်နယ်စပ် မိုင်းလားသို့ ဇွန်၃တိယအပတ်တွင် ရှမ်းကမ္ဘာသစ်ကုမ္ပဏီမှ တစ်သျှူးဌက်ဖျော ခြောက်တန်းကို မြန်မာငွေကျပ် ၂ ဒသမ ၈၀၈ သန်းဖြင့်လည်းကောင်း၊ ရွှေနမ့်ပန် ကုမ္ဘဏီမှ ဝဥခြောက် ၃၂ တန်းကို မြန်မာငွေကျပ် ၇၇ ဒသမ ၃၂၀ သန်းဖြင့်လည်းကောင်း၊ ယွန်စစ် ကုမ္ဘဏီမှ ရော်ဘာတန် ၄၀ ကို မြန်မာငွေကျပ် ၁၅၈ ဒသမ ၅၆ သန်းဖြင့်လည်းကောင်း၊ တစ်ဟတ် အတွင်း မြန်မာငွေကျပ် ၂၃၈ ဒသမ ၆၈၈ သန်းဖိုးတင်ပို့ခဲ့ပြီး သွင်းကုန်မရှိဟု သိရသည်။

၂၀၂၀–၂၀၂၁ ခုနှစ် ဇွန်ပထမအပတ် နှင့်နိုင်းယှဉ်လျှင် တစ်သျှူးဌက်ဖျော တင်ပို့မှု ၁၂ တန် လျော့ကျခဲ့ပြီး ဝဥခြောက် ၃၂ တန်နှင့် ရော်ဘာတန် ၄၀ ပိုမိုတင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံ ပဲမျိုးစုံတင်ပို့မှုအခြေအနေ

မြန်မာနိုင်ငံတွင် အဓိကသီးနှံ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါနှင့်ကြိတ်တို့ကို စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း ပဲအမျိုးမျိုးစိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်သည်။ ပြည်ပပို့ကုန် လယ်ယာထွက်ကုန်ပစ္စည်းများတွင် ပဲမျိုးစုံသည် အဓိကတိုးကုန်တစ်ခုဖြစ်သည်။

မြန်မာနိုင်င်မှ ပဲမျိုးစုံတင်ပို့မှုမှာ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ၁.၁၀.၂၀၂၀ မှ ၁၈.၆.၂၀၂၁ အထိ နယ်စပ်ဒေသမှ ၇၁၀၆၇၄ တန်၊ အမေရိကန်ဒေါ်လာ ၅၅၄ ဒသမ ၀၁၀ သန်းဖိုး တင်ပို့နိုင်ခဲ့သည်။

ကိုဝမ်ကြောင့် ကြက်သွန်နီတင်ပို့မှု အလားအလာမကောင်း

ကြက်သွန်နီကို နယ်စပ်လမ်းကြောင်းမှ ပြန်လည်တင်ပို့ရန် ကြိုးပမ်းနေသော်လည်း တစ်ကျော့ပြန်ကိုစစ် – ၁၉ အခြေအနေကြောင့် အလားအလာ မကောင်းသေးဟု သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် ကိုဗစ် – ၁၉ ရောဂါပိုး ကူးစက်ပြန့်ပွားမှုကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပြီး ဆက်လက် တင်ပို့ရန် လတ်တလောတွင် အောင်မြင်မှုမရရှိသေးဟု သိရသည်။

ဘင်္ဂလားဒေ့ရှ်၊ တရုတ်နှင့်ထိုင်းနိုင်ငံများသို့ တင်ပို့နိုင်ခြင်းမရှိသဖြင့် စံချိန်တင် စျေးနှုန်းများ ကျဆင်းနေသည်။ လက်ရှိ ဆောင်းကြက်သွန်နီအသစ်များပေါ်ချိန်တွင် နိုင်ငံရေးအပြောင်းအလဲများနှင့် အတူ ပြည်တွင်းစားသုံးမှု ဆက်လက်ကျဆင်းနေပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများလည်း ရပ်ဆိုင်းသွားသောကြောင့် ကြက်သွန်နီစျေးနှုန်းများ ထိုးကျသွားရာ တစ်ပိသာလျှင် ကျပ် ၃၀၀ စျေးအောက် ကျဆင်းသွားပြီး စိုက်ပျိုးကုန်ကျစရိတ်ထက် နည်းနေသဖြင့် တောင်သူများ အရှုံးပေါ်လျက်ရှိသည်။

ပွဲစားများမှာ တောင်သူများထံမှ ဝယ်ယူသိုလှောင်နိုင်ရန် ဘဏ်များမှ ငွေသားထုတ်ယူမှုအခက်အခဲများကြောင့် မဝယ်နိုင်ကြပေ။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကြက်သွန်နီတန်ချိန် ၁၃၀၀၀၀ ကျော်အထိ ပြည်ပသို့တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၁ သန်း ကျော်အထိ ရရှိခဲ့သည်။

ပြည်ပအဝင်မရှိ ပြည်တွင်းလက်ကျန်နည်း လေးနှစ်အတွင်း သက်ကြားစျေးနှုန်းအမြင့်ဆုံးဖြစ်လာ

ပြည်ပမှ သက်ကြားဝင်ရောက်မှုမရှိခြင်းနှင့် ပြည်တွင်းဈေးကွက်တွင် လက်ကျန်နည်းပါးခြင်းတို့ကြောင့် လေးနှစ်အတွင်း သက်ကြားဈေးအမြင့်ဆုံးဖြစ်လာ လာကြောင်း သိရသည်။

၂၀၁၉–၂၀၂၀ ခုနှစ်အတွင်း သက်ကြားဈေးနှုန်းများမှာ တစ်ပိသာလျှင် ကျပ် ၁၀၀၀ အောက်တွင် သာရှိပြီး ယခုနှစ်တွင် တစ်ပိသာလျှင် ကျပ် ၁၃၀၀ အထိ ရှိလာသည်။ ကိုဗစ် – ၁၉ ဖြစ်ပွားမှုနှင့် ဈေးကွက်မကောင်းဘဲ ပြည်တွင်းကြို စိုက်ပျိုးမှုလျော့ကျခြင်းနှင့် ပြည်ပနိုင်ငံများတွင်လည်း သက်ကြားဈေးနှုန်း မြင့်တက်နေသဖြင့် ပြည်ပမှ တင်သွင်းနိုင်ခြင်းမရှိ၍ သက်ကြားဈေးနှုန်းများ မြင့်တက်လာသည်။

နိုင်ငံတကာသက်ကြားဈေးကွက်ရှိ ဈေးနှုန်းများမှာ ၂၀၂၁ ခုနှစ် မတ် ၁ ရက်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ ဒသမ ၇၅ မှ ဧပြီ ၂၈ ရက်တွင် ၄၇၇ ဒသမ ၉ ဒေါ်လာသို့ မြင့်တက်လာသည်။

နိုင်ငံတကာဈေးနှုန်းမြင့်တက်လာ၍ မူဆယ်နယ်စပ် ကုန်သွယ်ရေးဈေးကွက်အတွင်း ဧပြီနောက်ဆုံးပတ်တွင် ကြိတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ ဒေါ်လာ အထိ ပေါက်ဈေးရှိခဲ့ပြီး မြဝတီနယ်စပ်ကုန်သွယ်ရေးဈေးကွက်တွင်လည်း သက်ကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ အထိ မြင့်လာသည်။

ထိုအခြေအနေများကြောင့် ပြည်တွင်း သက်ကြားစက်ရုံများကလည်း ဈေးနှုန်းထိန်းပြီးရောင်းချနေကြသဖြင့် ဈေးတက်လာခြင်း ဖြစ်သော်လည်း ပြည်တွင်းစားသုံးရန် သက်ကြား လုံလောက်စွာ ရှိနေ၍ ဈေးနှုန်းအဆမတန် တက်မည့် အခြေအနေမရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ **နွေးနွေးအောင်**